# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃ဝရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၄၉)၊ ၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်၊ ၁၇-၁-၂၀၂၅၊ သောကြာနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ခေတ်မီအဆင့်မြင့် သိပ္ပံနှင့်နည်းပညာများ၊ စစ်နည်းဗျူဟာနှင့် စစ်ဆင်မှုနည်းလမ်းများကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေကြရန်နှင့် လက်တွေ့အသုံးချနိုင်ရေး ကြိုးစားဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၆

တပ်မတော်(လေ)၏ လေယာဉ်မောင်းသင်တန်း အမှတ်စဉ်(၈၆) ကျောင်းဆင်းတောင်ပံ အပ်နှင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယ ဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်၊ အလယ် ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်၊ တပ်မတော်(လေ)မှ အရာရှိ ကြီးများ၊ မိတ္ထီလာတပ်နယ်မှ

စာမျက်နှာ ၃ သို့ ○





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်က တပ်မတော်(လေ)၏ လေယာဉ်မောင်းသင်တန်း အမှတ်စဉ်(၈၆) ကျောင်းဆင်းတောင်ပံအပ်နှင်းပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဇန်နဝါရီ ၁၆

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်း ငယ် ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆ဝ ဖြစ်ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည် နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများ အားဖြင့် သာယာမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယား ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဇန်နဝါရီ ၁၆

| | | |
|---|---|---|
| နမ့်စန် | သုည ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဟားခါး | ၃ ဒသမ သုည | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၃ ဒသမ သုည | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၄ ဒသမ သုည | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၄ ဒသမ သုည | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၄ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၅ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၅ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁၇ ရက် ၊ သောကြာနေ့ ။

## ကိုယ်လက်လှုပ်ရှားအားကစားနည်းတစ်မျိုးမျိုးကို လှုတိုင်း မပျက်မကွက်ဆောင်ရွက်သင့်

လူတိုင်းအကြောင်းကိစ္စများကြသော်လည်း မိမိကျန်းမာရေးအတွက် နေ့စဉ်ကိုယ်လက်လှုပ်ရှားမှုတစ်ခုခုတော့ ပြုလုပ်သင့်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေးအလေးထား ပြုလုပ်ပေးနေသည်။ ပြည်သူများအနေဖြင့် အသက်ရှည်ကျန်းမာမှသာ မိမိတို့၏ နိစ္စဓူဝအမှုကိစ္စများကို တက်ကြွရွှင်လန်း အားစိုက်ခွန်စိုက် အလုပ်လုပ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မအားလပ်သည့်ကြားမှ ကိုယ်လက်လှုပ်ရှားအားကစားတစ်မျိုးမျိုးကို ပုံမှန်ပြုလုပ်ပေးသင့်သည်။

အားကစားနည်းအမျိုးမျိုးတွင် ငွေမကုန်လူမပန်း စိတ်ရွှင်လန်းစေသည့် အားကစားနည်းတစ်မျိုးမှာ မနှေးမမြန်လမ်းလျှောက်ပေးခြင်းဖြစ်သည်။ လမ်းလျှောက်ခြင်း ကိုယ်လက်လှုပ်ရှားမှုကို ၁၂လရာသီ သင့်လျော်သလို ပုံမှန်ပြုလုပ်ပေးသင့်သည်။ နေ့စဉ်အချိန်မှန်ပြုလုပ်ပေးခြင်းဖြင့် ကျန်းမာရေးဆုလာဘ်ကို ရရှိပိုင်ဆိုင်နိုင်ပေသည်။ ကျန်းမာသောသူများအနေဖြင့် ပုံမှန်ပြုလုပ်ပေးခြင်းဖြင့် အသက်ရှည်ကျန်းမာမှုကို ထာဝရပိုင်ဆိုင်နိုင်သည်။ ရောဂါအခံရှိသူများ၊ အသက်အရွယ်ကြီးရင့်သူများအနေဖြင့် ဘေးထွက်ဆိုးကျိုးမရှိသည့် လမ်းလျှောက်ခြင်းအလုပ်ကို ပုံမှန်ပြုလုပ်ပေးသင့်သည်။ မအားလပ်သူများအနေဖြင့်လည်း အချိန်အနည်းငယ်ပေးပြီး ပြုလုပ်သင့်ပါသည်။

ကိုယ်လက်လှုပ်ရှား အားကစားတစ်မျိုးမျိုးကို ပြုလုပ်သောကြောင့် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်စေပြီး သက်လုံကောင်းစေသည့်အပြင် နာတာရှည်ရောဂါများကိုလည်း လျော့နည်းပပျောက်အောင် ကာကွယ်ပေးနိုင်သည်။ ကြွက်သားများ သန်မာခြင်းနှင့်ဆိုင်သော လေ့ကျင့်ခန်းများသည် ကြွက်သားများ သန်မာအားကောင်းစေသည့်အပြင် အဝလွန်ရောဂါ၊ ဆီးချို၊ သွေးချို၊ သွေးတိုး၊ နှလုံးရောဂါ၊ သွေးအတွင်းအဆီများမှ စသည့် ရောဂါများဖြစ်ပွားမှုမှ လျော့ပါးသက်သာစေပြီး ကြိုတင်ကာကွယ် တားဆီးပေးထားနိုင်သည်။

ထို့ပြင် လူတိုင်းသည် နေထိုင်စားသောက်မှုပုံစံများ ပြောင်းလဲလာသောကြောင့် မကူးစက်တတ်သောရောဂါအမျိုးမျိုးဖြစ်ပွားလာသည်ကို တွေ့ရမည်ဖြစ်သည်။ ရောဂါများကိုကာကွယ်ခြင်း၊ ကုသခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ခြင်း စသည့်လုပ်ငန်းများတွင် ဆေးဝါးမပါ၊ ကုန်ကျစရိတ်သက်သာပြီး အသက်အရွယ်မရွေးဆောင်ရွက်နိုင်သော အားကစားနည်းတစ်မျိုးဖြစ်သည့် လမ်းလျှောက်ခြင်းကို ပုံမှန်မပျက်မကွက်ပြုလုပ်ပေးရန် အသိပေးအပ်ပါသည်။

သို့ဖြစ်ရာ ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဖြစ်၍ ကျန်းမာသောဘဝကို ထာဝစဉ်ပိုင်ဆိုင်နိုင်ရန်အတွက် ကိုယ်လက်လှုပ်ရှားအားကစားနည်းတစ်မျိုးမျိုးကို လူတိုင်းလူတိုင်းမပျက်မကွက် ပြုလုပ်ပေးကြရန်လိုအပ်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ဘုန်းတော်ကြီးသင် ပညာရေးမူလတန်းလွန်ကျောင်း ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပ



**မန္တလေး ဇန်နဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ မဟာဝိဇိတာရာမတိုက်ရှိ အမှတ်(၁၆)နေမင်းဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်းတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တခေမာစာရ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နာယကများ၊ ဥက္ကဋ္ဌ ဦးအောင်ထွဏ်းနှင့် အလုပ်အမှုဆောင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ၎င်းတို့၏ မိဘဆွေမျိုးများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို ဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး ကျောင်းအုပ်ဆရာတော်က အဖွင့်အမှာစကားမိန့်ကြားပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ထွဏ်းက အခမ်းအနားကျင်းပရခြင်းရည်ရွယ်ချက်နှင့် ကျောင်းဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းပံ့ပိုးကူညီလှူဒါန်းကြသော အလှူရှင်အသီးသီးတို့အား ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး နေမင်းကျောင်းပဓာနနာယက ကျောင်းအုပ်ဆရာတော်က အမှတ်(၁၆)နေမင်းဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း ဘက်စုံဖွံ့ဖြိုးရေးအတွက် လှူဒါန်းပေးကြသော အလှူရှင်အသီးသီးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်၍ ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ တာဝန်ရှိသူတို့က ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွင်း ပညာသင်ကြားခဲ့ကြသော အတန်းစဉ်အလိုက် ပညာထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများ၊ ဒီဇင်ဘာအားကစားလတွင် အားကစားထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်းအလိုက် ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ကြပြီး ကျောင်းသား၊ ကျောင်းသူများက မြတ်ဆရာသီချင်းဖြင့် ဧည့်ခံဖျော်ဖြေကြ၍ တာဝန်ရှိသူတို့က ဆရာ၊ ဆရာမများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် မေတ္တာလက်ဆောင်များပေးအပ်ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ဝ၅၃)

## (ဒသမ)အကြိမ်မြောက် မဟာဝိဇယသာသနာပါလ ဓမ္မာစရိယစာမေးပွဲ ကျင်းပမည်

**မန္တလေး ဇန်နဝါရီ ၁၆**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာဝိဇယကျောင်းတိုက် နာယက ဆရာတော်ကြီးများ၊ သာသနာပြုယောဂီအဖွဲ့တို့ ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော (ဒသမ)အကြိမ်မြောက် မဟာဝိဇယသာသနာပါလ ဓမ္မာစရိယ စာမေးပွဲကို (၂၉-၁-၂၀၂၅)ရက်မှ (၃-၂-၂၀၂၅) ရက်အထိ (၆)ရက်တိုင်တိုင် အဆိုပါကျောင်းတိုက်၌ ကျင်းပပြုလုပ်သွားမည် ဖြစ်သည်။

စာဖြေသံဃာတော်တို့အတွက် ဆွမ်းတစ်နေ့တာ ကုသိုလ် ငွေကျပ် ၁၀သိန်း၊ တစ်နေ့တာအချိုရည်ကုသိုလ် ငွေကျပ် ၃သိန်း၊ တစ်နေ့တာရေခဲမုန့်ကုသိုလ် ငွေကျပ် ၃သိန်း၊ စာဖြေရက်တစ်နေ့တာ စာရေးကိရိယာ ကုန်ကျ ငွေကျပ် ၂ သိန်း၊ ဩဝါဒါစရိယ ပုစ္ဆကကြီးကြပ်ရေးနှင့် စာစစ်ဆရာတော်ကြီး စုစုပေါင်း ၂၅ပါးတို့အား တစ်ပါးလျှင် နဝကမ္မ ငွေကျပ် တစ်သိန်းနှုန်းစီတို့အတွက် ကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြောင်းနှင့် စာမေးပွဲဝင်ရောက်ဖြေဆိုကြမည့် သံဃာတော်များ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများအနေဖြင့် တိုက်အုပ်ဆရာတော်ကြီး ဘဒ္ဒန္တနန္ဒက(သာသနဓဇ ဓမ္မာစရိယ)ထံ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် စာမေးပွဲ ကျင်းပရေးကော်မတီ ဖုန်း ဝ၉-၄ဝ၂၆၄၅၈၄ဝ ထံသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(ဝ၅၁)

ဝ-ဝ-ဝ-ဝ-ဝ-ဝ

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြသ

**မြစ်သား ဇန်နဝါရီ ၁၆**




မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့ မြို့မဈေးတွင် ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်သောကြောင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန် ရည်ရွယ်၍ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးဆောင်ကာ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်းနှင့် မီးသတ်ဆေးဘူးဖြင့်မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းကပြုလုပ်ခဲ့သည်။

ရှေးဦးစွာ လက်တွေ့သရုပ်ပြသဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးအောင်မင်းကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးလောင်မှု အမျိုးအစားများအလိုက် မီးငြိမ်းသတ်ခြင်းများကို မီးငြိမ်းသတ်ယာဉ်၊ မီးသတ်ရေသယ်ယာဉ်၊ မီးသတ်ဆေးဘူးများအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်သရုပ်ပြသခြင်းများ ပြုလုပ်ခဲ့သည်။

အဆိုပါ အသိပညာပေးခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်မှုလက်တွေ့ သရုပ်ပြသရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ် ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးအောင်မင်းကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဈေးသူ၊ ဈေးသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ဝင်းမင်းထွန်း(ပြန်/ဆက်)

ဝ-ဝ-ဝ-ဝ-ဝ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(ဝ၁ဝ၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (ဝ၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ဝ၂-၂၈၄၇၃၉၈၊ ဝ၂-၂၈၃၂ဝဝ၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-ဝ၂-၄ဝ၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်က လေယာဉ်မောင်းသင်တန်း အမှတ်စဉ်(၈၆) မှ စံပြလေသူရဲဆုရ လေ ၄၅၄၄ ဗိုလ်ဆက်နိုင်လွင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

○ ရှေ့ဖုံးမှ

အရာရှိကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက စစ်ရေးပြကွင်းအတွင်း ချီတက်နေရာယူကြပြီး နိုင်ငံတော်အလံအား အလေးပြုကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ရောက်ရှိလာပြီး ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူ၍ ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများကို စစ်ဆေးသည်။

## ချီတက်အလေးပြု

ထို့နောက် ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက ကာကွယ်ရေးဦးစီးချုပ်(လေ) အား အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းသို့ တပ်ခွဲများက အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြစဉ် နည်းပြလေသူရဲများက အမောင်းသင်လေယာဉ်များ၊ အမောင်းသင်ရဟတ်ယာဉ်များဖြင့် အုပ်ဖွဲ့ပျံသန်း၍ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်အား အလေးပြုကြသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က ကျောင်းဆင်းအရာရှိများအား လေသူရဲတောင်ပံများကို တစ်ဦးချင်းအပ်နှင်းသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ)က လေယာဉ်မောင်းသင်တန်း အမှတ်စဉ် (၈၆) မှ စံပြလေသူရဲဆုနှင့် လေယာဉ်မောင်းထူးချွန်ဆုရ လေ ၄၅၄၄ ဗိုလ်ဆက်နိုင်လွင်အား လည်းကောင်း၊ စာပေထူးချွန်ဆုရ လေ ၄၅၈၈ ဗိုလ်ဒေါ်ယုဇနထွန်းအားလည်းကောင်း ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

## မိမိကိုယ်မိမိတန်ဖိုးထားပြီး ကြိုးပမ်းတာဝန်ထမ်းဆောင်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က သင်တန်းဆင်းမိန့်ခွန်းပြောကြားရာတွင် လေသူရဲများ ဖြစ်လာအောင် လေ့ကျင့်ပေးရာတွင် နိုင်ငံတော်အနေနှင့် မျှော်မှန်းချက်ကြီးမားစွာထားရှိပြီး အချိန်ပေါင်းများစွာ၊ အရင်းအမြစ်ပေါင်းများစွာ၊ ငွေပေါင်းများစွာ အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်၏ မျှော်မှန်းချက်များ အကောင်အထည် ပေါ်လာရေးအတွက် မိမိကိုယ်မိမိတန်ဖိုးထားပြီး ကြိုးပမ်းတာဝန်ထမ်းဆောင်သွားကြရန် မှာကြားလိုကြောင်း။

သင်တန်း ဆင်းပြီးနောက် သက်ဆိုင်ရာ ပျံသန်းရေးအုပ်များကို ရောက်ရှိသွားချိန်တွင် တစ်ဦးချင်းအနေဖြင့် ပျံသန်းရေးနှင့် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ရမည်ဖြစ်ပြီး အရာရှိများဖြစ်သည့်အတွက် ခေါင်းဆောင်မှုတာဝန်များကိုပါ ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် လက်အောက်ငယ်သားများ၏ ရိုသေလေးစားမှု၊ ယုံကြည်ကိုးစားမှု၊ သစ္စာရှိစွာ လိုက်ပါလုပ်ဆောင်မှုတို့ ရရှိလာအောင် ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ရပ်နှင့်အညီ ကြိုးပမ်းတည်ဆောက်ကြရမည်ဖြစ်ပြီး ရည်မှန်းချက်တာဝန်များကိုပါ ပြီးမြောက်အောင်မြင်အောင် ထမ်းဆောင်နိုင်စွမ်းရှိသည့် ခေါင်းဆောင်ကောင်းများ ဖြစ်လာမည်ဖြစ်ကြောင်း၊ စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်တိုက်ပွဲဝင်ရာတွင်ဖြစ်စေ၊ လေ့ကျင့်ရေး၊ အုပ်ချုပ်ရေးနှင့် အခြားတာဝန်များကို ထမ်းဆောင်ရာတွင်ဖြစ်စေ၊ စိတ်ဓာတ်မြင့်မားခိုင်မာနေမှသာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို အောင်အောင်မြင်မြင် အကောင်အထည်ဖော် ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ လေယာဉ်/ရဟတ်ယာဉ်များကို မောင်းနှင်ပျံသန်းတိုက်ပွဲဝင်ကြရမည့်သူများအနေဖြင့် တိုက်ပွဲဝင်လိုစိတ်၊ စစ်အောင်လိုစိတ် အမြဲမြင့်မားနေရမည်ဖြစ်ပြီး စိတ်ဓာတ်ကြံ့ခိုင်ကောင်းမွန်အောင်၊ ခံယူချက် ယုံကြည်ချက် မြင့်မားခိုင်မာနေအောင် ကြိုးစားလေ့ကျင့်တည်ဆောက်သွားကြရန် မှာကြားလိုပါကြောင်း။

မြန်မာနိုင်ငံသား တပ်မတော်သား လေသူရဲများဖြစ်သည့်အတွက် နိုင်ငံတော်က ထုတ်ပြန်ထားသော ဥပဒေစည်းမျဉ်းစည်းကမ်းများ၊ တပ်မတော်က ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များ၊ ဒေသန္တရအမိန့်များ၊ လုပ်ထုံးလုပ်နည်းများကို အပြည့်အဝလိုက်နာစောင့်ထိန်းရမည်ဖြစ်ပြီး ပျံသန်းရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့် သတ်မှတ်ချက်များကိုလည်း အတိအကျ လိုက်နာလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ စွမ်းဆောင်ရည်မြင့်မားပြီး တိုက်စွမ်းရည်ပြည့်ဝသည့် လေသူရဲကောင်းများ ဖြစ်လာစေရန် ပျံသန်းရေးနှင့် လုပ်ငန်းခွင်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ကန့်သတ်ချက်၊ သတ်မှတ်ချက်များကို ခြွင်းချက်မရှိ အတိအကျ လိုက်နာ စောင့်ထိန်းကြရန် မှာကြားလိုကြောင်း၊ လေသူရဲတစ်ဦးအတွက် ကျန်းမာရေးကောင်းမွန်ရန်၊ ကိုယ်ခန္ဓာကြံ့ခိုင်မှုရှိရန် လွန်စွာအရေးကြီးကြောင်း၊ ကိုယ်ခန္ဓာ ကျန်းမာကြံ့ခိုင်နေမှသာ စိတ်ဓာတ်ခွန်အားကောင်းမွန်မြင့်မားပြီး မှန်ကန်မြန်ဆန်သည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်က ပေးအပ်သည့် စစ်ဆင်ရေးနှင့် ပျံသန်းရေးတာဝန်များကို နေရာအချိန်အခါမရွေး အင်ပြည့်အားပြည့် ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း။

## လက်တွေ့ အသုံးချနိုင်ရေး ကြိုးစားဆောင်ရွက်

လေကြောင်း အာကာသနယ်ပယ်တွင်လည်း လေကြောင်းစွမ်းအားစုများသည် စစ်ပွဲအောင်နိုင်ရေးအတွက်သာမက နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု၏ လူနေမှုဘဝ အေးချမ်း တိုးတက်ပြည့်စုံရေးအတွက်ပါ ဘက်ပေါင်းစုံက အထောက်အကူများစွာ ပြုလျက်ရှိကြောင်း၊ လေကြောင်းစွမ်းအားစုများ၏ အခြေခံလိုအပ်ချက်ဖြစ်သည့် သိပ္ပံနည်းပညာရပ်များ၊ စစ်နည်းဗျူဟာများ၊ စစ်ဆင်အသုံးချမှု နည်းလမ်းများလည်း အချိန်နှင့်အမျှ တိုးတက်ဖွံ့ဖြိုး ပြောင်းလဲ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ယခင်က Supersonic နည်းပညာသည် ရှေ့တန်းကရှိခဲ့ရာမှ ယခုအခါ Hypersonic အဆင့်သို့ တက်လှမ်းနေပြီဖြစ်ကြောင်း၊ ခေတ်မီအဆင့်မြင့် သိပ္ပံနှင့်နည်းပညာများ၊ စစ်နည်းဗျူဟာနှင့် စစ်ဆင်မှုနည်းလမ်းများကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေကြရန်နှင့် လက်တွေ့ အသုံးချနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယခုအခါ လေသူရဲတောင်ပံ အပ်နှင်းခံရပြီး သက်ဆိုင်ရာ ပျံသန်းရေး အုပ်အသီးသီးတွင် စစ်ဆင်ရေးနှင့် လေ့ကျင့်ရေး အပါအဝင် ပျံသန်းရေးတာဝန် အမျိုးမျိုးကို နောင်တော် လေသူရဲများနှင့် လက်တွဲကာ စတင်ထမ်းဆောင်ကြရတော့မည်ဖြစ်သောကြောင့် ပျံသန်းရေး တာဝန်များသာမက ပေးအပ်လာမည့် အခြားသော လုပ်ငန်းတာဝန်များကိုလည်း ကျေပွန်အောင် ထမ်းဆောင် ကြရမည်ဖြစ်ကြောင်း၊ တပ်မတော်(လေ)၏ ကောင်းမွန်မြင့်မြတ်သည့် အစဉ်အလာများ၊ နောင်တော် လေသူရဲများ၏ စွန့်လွှတ်စွန့်စားမှုနှင့် ကျွမ်းကျင်ပိုင်နိုင်မှုများ၊ ပျံသန်းရေး စက်မှုလက်မှုနှင့် အုပ်ချုပ်ရေး မဏ္ဍိုင်ကြီး ၃ ရပ်က ပိုင်းဝန်းပံ့ပိုးတာဝန် ထမ်းဆောင်နေကြသည့် တပ်မတော်(လေ) စစ်သည်တော်အပေါင်း၏ ကိုယ်ကျိုးစွန့် အနစ်နာခံမှုများကို စောင့်ထိန်းစံပြုဥပမာယူပြီး ကိုယ်တိုင်လည်း နိုင်ငံတော်နှင့် တပ်မတော်က အားထားရမည့် လေသူရဲကောင်းများဖြစ်လာအောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးအနက်ထား မှာကြားလိုကြောင်း ပြောကြားသည်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်က လေယာဉ်မောင်းသင်တန်း အမှတ်စဉ်(၈၆) မှ စာပေထူးချွန်ဆုရ လေ ၄၅၈၈ ဗိုလ်ဒေါ်ယုဇနထွန်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

## ဂုဏ်ပြုအမှာစကားပြောကြား

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်သည် ဝေဟင်မှ အုပ်ဖွဲ့ပျံသန်းအလေးပြုခဲ့ကြသည့် နည်းပြလေသူရဲများအား ဂုဏ်ပြုနှုတ်ဆက်ကာ ကျောင်းဆင်းအရာရှိများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့သည်။ ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်သည် လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ် လေကြောင်းစစ်ဆင်ရေးသင်တန်းကျောင်း ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိသည့် ကျောင်းဆင်းအရာရှိများနှင့် မိဘများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ယနေ့ လေသူရဲတောင်ပံ အပ်နှင်းခြင်းခံရသူ ကျောင်းဆင်းအရာရှိများအနေဖြင့် သက်ဆိုင်ရာ လေယာဉ်/ရဟတ်ယာဉ် အလိုက် ပျံသန်းရေးအုပ်များတွင် ဆက်လက် တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ညပိုင်းတွင် လေယာဉ်မောင်းသင်တန်းအမှတ်စဉ် (၈၆) ကျောင်းဆင်း တောင်ပံအပ်နှင်းပွဲ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ စစ်ဦးစီးအရာရှိချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့်ဇနီး၊ တပ်မတော်(လေ)မှ အရာရှိကြီးများနှင့်ဇနီးများ၊ မိတ္ထီလာတပ်နယ်မှ အရာရှိကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲ ကျင်းပနေစဉ် ကျောင်းဆင်းအရာရှိများနှင့် တပ်မတော်(လေ) မိသားစုဝင်များက တပ်မတော်(လေ) တေးဂီတအဖွဲ့နှင့် တွဲဖက်၍ အဆိုအကများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ညစာစားပွဲ အခမ်းအနားအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်သည် ကျောင်းဆင်း အရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမှ့ဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမှ့ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

☆ စာမျက်နှာ ၂၄ မှ

ညစာစားပွဲတွင် ကယားတိုင်းရင်းသား ရိုးရာအကအဖွဲ့များနှင့် တူရိယာအဖွဲ့များ၊ ကယားကိုးမျိုးအကအဖွဲ့၊ ကယန်းရိုးရာအကအဖွဲ့၊ ရှမ်းတိုင်းရင်းသူ ပအိုဝ်းရိုးရာအကအဖွဲ့များက သက်ဆိုင်ရာတိုင်းရင်းသားရိုးရာ တေးသီချင်းများဖြင့် ကပြသီဆိုကြပြီး ခေတ်ပေါ်တေးဂီတ အဖွဲ့က တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်တောင်စုဝန်ကြီးက ကပြဖျော်ဖြေကြသည့် တိုင်းရင်းသားရိုးရာ အကအဖွဲ့များနှင့် ခေတ်ပေါ်တေးဂီတအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၃၀ နှင့် ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။

ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ရာသီသီးနှံစံပြစိုက်ခင်း၌ ဆိုလာတပ်ဆင်၍ လေးလက်မစက်ရေတွင်းဖြင့် ရေကိုအလေအလွင့်မရှိ ထိရောက်စွာ အသုံးချနိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် စံပြစိုက်ခင်းတွင်စိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကယားပြည်နယ်အတွင်းရှိ လျှပ်စစ်နှင့် စွမ်းအင်ဌာနများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာက ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု၊ ဘီလူးချောင်း အမှတ်(၂)စက်ရုံမှူးက ဓာတ်အားပေးစက်ရုံ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှု၊ မဟာဓာတ်အားလိုင်းမှူး (လွိုင်ကော်) က မဟာဓာတ်အားလိုင်းနှင့် ပတ်သက်၍ ဆောင်ရွက်နေမှုနှင့် ရေနံထွက်ပစ္စည်း ကြီးကြပ်ရေးဦးစီးဌာန ဦးစီးအရာရှိက စက်သုံးဆီများဖြန့်ဖြူးရောင်းချမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့ဝင်များ ကယားပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ရာသီသီးနှံစံပြစိုက်ခင်းတွင် ဆိုလာတပ်ဆင်၍ လေးလက်မစက်ရေတွင်းဖြင့် ရေအလေအလွင့်မရှိ ထိရောက်စွာအသုံးချနိုင်ရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစဉ်။

## ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေး ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၆

ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေး (၁/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း၊ ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့အနေဖြင့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရည်အသွေးပြည့်ဝပြီး လူနာများအတွက် ဘေးကင်းလုံခြုံကာ သင့်တင့်သောဈေးနှုန်းဖြင့် ဝန်ဆောင်မှုပေးနိုင်ရေး စဉ်ဆက်မပြတ် ထိန်းကျောင်းကြပ်မတ်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍတွင် ဝန်ဆောင်မှုပေးနေသော ကျန်းမာရေးစောင့်ရှောက်မှုပေးနေသူများ သက်တမ်းရှိ သတ်မှတ်လိုင်စင်ရှိစေရေး၊ တည်ဆဲဥပဒေများနှင့် ငြိစွန်းထားသူများ မဖြစ်စေရေးတို့အတွက် မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆိုင်ရာဆေးကောင်စီနှင့် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီများနှင့် ချိတ်ဆက်စိစစ်လျက်ရှိပြီး လူ့စွမ်းအားအရင်းအမြစ်များ မှန်ကန်စွာ အသုံးချနိုင်ရေးအတွက် မူဝါဒများ ချမှတ်ပေးလျက်ရှိကြောင်း။

ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့အနေဖြင့် တစ်နိုင်ငံလုံးတွင် ဖွင့်လှစ်နေသော ပုဂ္ဂလိကဆေးရုံ၊ သားဖွားခန်း၊ အထူးဓာတ်ခွဲလုပ်ငန်း၊ အထူးဓာတ်မှန်လုပ်ငန်း၊ ကျန်းမာရေး အကျိုးဆောင်လုပ်ငန်းနှင့် အထွေထွေကျန်းမာရေးလုပ်ငန်းများကို ထိထိရောက်ရောက် စိစစ်ထိန်းကျောင်းလျက်ရှိပြီး လိုင်စင်စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်သည့် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများကိုလည်း ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းဆိုင်ရာဥပဒေ၊ နည်းဥပဒေများအရ ထိထိရောက်ရောက် အမှုဖွင့်အရေးယူခြင်းနှင့် စီမံခန့်ခွဲရေး နည်းလမ်းတစ်ရပ်ရပ်ဖြင့် အရေးယူခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း၊ ခေတ်ကာလလိုအပ်ချက်အရ လက်ရှိ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေကို ဖြည့်စွက်ပြင်ဆင်သည့် ဥပဒေကိုအတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အလှအပရေးရာ ဆေးကုသမှုနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ ထိန်းကျောင်းနိုင်ရေး လိုအပ်သည်များ ဆွေးနွေးကြမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းမှု၊ အထူးကိစ္စရပ်များနှင့် ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းလိုင်စင်(အသစ်) လျှောက်ထားလာသည့် ကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် အခမ်းအနားသို့ တက်ရောက်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားတွင် နှစ်သစ်နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

နေပြည်တော် ဇန်နဝါရီ ၁၆

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာမျှထန်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမင်းသိန်း၊ Jeng Phang နော်တောင်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့၌ ကျင်းပပြုလုပ်သည့် ၂၀၂၅ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက နှစ်သစ်နှုတ်ခွန်းဆက်စကားပြောကြားရာတွင် မြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် နာဂတိုင်းရင်းသားများနှင့် အနယ်နယ်အရပ်ရပ်ရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံးအနေဖြင့် စည်းလုံး ညီညွတ်ခြင်းများနှင့်အတူ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ နာဂတိုင်းရင်းသားလူမျိုးများ၏ မျိုးနွယ်စုရိုးရာဓလေ့ထုံးတမ်းများနှင့် ရိုးရာမြေဝိုင်းအကပဒေသာများ မပျောက်ပျက်အောင် လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်လာသည့်အတွက် ဝမ်းသာပီတိဖြစ်မိကြောင်း။

နာဂဒေသသည် တည်ငြိမ်အေးချမ်းသည့်ဒေသ ဖြစ်သည့်အတွက် ကဏ္ဍအလိုက် လိုအပ်သည်များကို နိုင်ငံတော်အနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် လုပ်ငန်း ၈၂ ခု၊ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်း ၁၅၈ ခုဖြင့် နာဂဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်အတွင်း လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် လဟယ်မြို့ ဟွေထိုက်ချောင်းမှ ၄ မဂ္ဂါဝပ်ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မည့် ရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နာဂဒေသ၏ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ၂၀၂၄-၂၀၂၅ ပညာရေးနှစ်တွင် လဟယ်မြို့နယ်၌ အစိုးရနည်းပညာ အထက်တန်းကျောင်းတစ်ကျောင်းနှင့် လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်တို့တွင် စက်မှုနည်းပညာ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် စက်မှု၊ စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းများကို သင်ကြားပို့ချလျက်ရှိကြောင်း၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းများနှင့် အမျိုးသမီး အိမ်တွင်းမှုသက်မွေး ပညာ သင်တန်းကျောင်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ငါးဘီလီယံအား ပြည်သူလူထု၏လူမှုစီးပွားဘဝ အရှိန်အဟုန်မပျက် ပြန်လည်ဖွံ့ဖြိုးလာစေရန်နှင့် ဒေသအတွင်း လူနေမှုဘဝ အဆင်ပြေချောမွေ့စေရေး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိမြို့နယ်သုံးမြို့နယ်သို့ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အခြားစီးပွားရေးကုန်ထုတ်လုပ်ငန်းများအတွက် ထုတ်ချေး ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အကျိုးရှိရှိအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး ပြခန်းများကို လိုက်လံကြည့်ရှုစဉ်။

နာဂဒေသအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများအပြင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လူသားအရင်းအမြစ်များ ပြည့်စုံစေရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသခံပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကုန်ထုတ်လုပ်ငန်းများကို ဒေသတစ်ခု ထုတ်ကုန်တစ်မျိုး ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရန်နှင့် ရိုးရာချည်ထည်လုပ်ငန်းများ ရက်လုပ်မှုနည်းစနစ် တိုးမြှင့်နိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဆူပူသောင်းကျန်းမှုမရှိသည့် အေးချမ်းသည့်ဒေသများတွင် မိသားစုအကျိုး၊ ရပ်ရွာအကျိုး၊ ဒေသအကျိုးများကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုများ အစဉ်တိုးတက်နေမည်ဖြစ်ကြောင်း၊ နာဂဒေသသည်လည်း အေးချမ်းသည့်၊ ငြိမ်းချမ်းသည့် ဒေသအဖြစ် အမြဲထိန်းသိမ်းထားရန်လိုအပ်ပြီး နာဂလူမျိုးများ၊ ဒေသတွင်းနေ အခြားတိုင်းရင်းသားလူမျိုးများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နေအောင် ဆောင်ရွက်ရန် ဒေသတွင်းနေ တိုင်းရင်းသားပြည်သူအားလုံးတွင် တာဝန်ရှိပြီး အလုပ်ကို ကြိုးစားလုပ်ကိုင်ဆောင်ရွက်သွားကြရန် တိုက်တွန်း ပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က နှစ်သစ်အမှာစကား ပြောကြားပြီး နာဂတိုင်းရင်းသားတစ်ဦးက နာဂရိုးရာနှစ်သစ်ကူးပွဲတော် ဖြစ်ပေါ်လာပုံသမိုင်းအကျဉ်းကို ရှင်းလင်းပြောကြားကာ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ ဦးပေါင်ခုက ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးထံ နှစ်သစ်ကူးအမှတ်တရလက်ဆောင် ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာပစ္စည်းများကို ပေးအပ်ကြရာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး သဘာပတိက နိဂုံးချုပ်စကားပြောကြားကာ နာဂနှစ်သစ်ကူးပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ရိုးရာယဉ်ကျေးမှုပြခန်းနှင့် ဌာနဆိုင်ရာပြခန်းများကို လိုက်လံကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် လဟယ်မြို့ရှိ ဟွေထိုက်ရေအားလျှပ်စစ်စီမံကိန်းကိုလည်းကောင်း၊ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှု ခံယူနေကြသော ဒေသခံ တိုင်းရင်းသားများကိုလည်းကောင်း၊ လဟယ်မြို့ အစိုးရနည်းပညာအထက်တန်းကျောင်း၊ မိုးဒန်းအပန်းဖြေအလှကန် တည်ဆောက်ပြီးစီးမှု၊ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာ သင်တန်းကျောင်းနှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများကို လည်းကောင်း လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ညပိုင်းတွင် ၂၀၂၅ ခုနှစ် နာဂရိုးရာယဉ်ကျေးမှုမီးပုံပွဲသို့ တက်ရောက်ပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် လဟယ်မြို့နယ် နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌတို့က နာဂရိုးရာ ယဉ်ကျေးမှုမီးပုံပွဲကို မီးထွန်းညှိ ဖွင့်လှစ်ကြပြီး နာဂရိုးရာမျိုးနွယ်စုများအလိုက် ရိုးရာအကများဖြင့် ကပြဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးကြကာ နာဂမျိုးနွယ်စုရိုးရာအကအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အဆိုပါ နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို နာဂရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများ၊ ယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်စေရေးအတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်၊ နာဂရိုးရာယဉ်ကျေးမှု အနုပညာများကို ဖော်ထုတ်၍ ထိန်းသိမ်းမြှင့်တင် ဆောင်ရွက်ရန်၊ နာဂတိုင်းရင်းသား လူမျိုးစုများအကြား စာမျက်နှာ ၆ သို့ *



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး လဟယ်မြို့ရှိ ဟွေထိုက်ရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Sanjay Mathur အား လက်ခံတွေ့ဆုံ



နေပြည်တော် ဇန်နဝါရီ ၁၆

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဇန်ကောက် မြို့အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (United Nations Office for Project Services-UNOPS) ၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Sanjay Mathur အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် UNOPS က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ မြန်မာနိုင်ငံနှင့် UNOPS တို့အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြင့်တင်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**တက်ရောက်**

အစည်းအဝေးသို့ UNOPS ၏ မြန်မာနိုင်ငံဆိုင်ရာညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ်ဖြစ်သူ Ms. Sara Austin Netzer၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Sanjay Mathur အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၆

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (UNOPS) ၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Sanjay Mathur နှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး(UNOPS)တို့အကြား အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အစီအစဉ်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် UNOPS မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် ဇန်နဝါရီ ၁၆

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) ဥက္ကဋ္ဌ ဦးမြတ်သူဝင်းနှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မသန်စွမ်းသူများအတွက် စိတ်ဓာတ်မြှင့်တင်ဖော်ဆောင်ပေးနိုင်ရေးနှင့် အခွင့်အလမ်းများ ပိုမိုမြှင့်တင်ပေးနိုင်ရေး၊ လူ့အဖွဲ့အစည်းအတွင်း တန်းတူညီမျှမှုရှိရေးနှင့် ပူးပေါင်းလုပ်ဆောင်သွားနိုင်ရေး၊ ဆန်းသစ်တီထွင်မှုနှင့် အားကစားကဏ္ဍတွင် မသန်စွမ်းသူများအားလုံးပါဝင်နိုင်ရေး၊ အလုပ်အကိုင်၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုနယ်ပယ်များတွင် ချိတ်ဆက်ပေးနိုင်ရေး၊ ရုပ်သံအသိပညာပေးအစီအစဉ် ဆောင်ရွက်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီးဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

* စာမျက်နှာ ၅ မှ

ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုများ ပိုမိုရရှိလာနိုင်စေရန်၊ နာဂဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် နာဂတိုင်းရင်းသားများ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်နိုင်ရန်နှင့် နာဂမျိုးနွယ်စုအချင်းချင်း ရင်းနှီးချစ်ကြည်မှုကို အခြေခံ၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဖော်ဆောင်ကာ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားလာစေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ နာဂရိုးရာ နှစ်သစ်ကူးပွဲတော်သို့ ပြည်တွင်း၊ ပြည်ပမှ ခရီးသွား ဧည့်သည်များလည်း စိတ်ဝင်တစားဖြင့် လာရောက်ကြည့်ရှုလေ့လာကြပြီး မီးပုံပွဲများတွင်လည်း ပျော်ရွှင်စွာဖြင့် အတူတကွ ပါဝင်ဆင်နွှဲလေ့ရှိကြောင်း သိရသည်။ သတင်းစဉ်

# မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့၏ (၇၃)ကြိမ်မြောက် မျက်နှာစုံညီအစည်းအဝေး ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၆

မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့၏ (၇၃)ကြိမ်မြောက် မျက်နှာစုံညီအစည်းအဝေးကိုယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ(ရန်ကုန်)၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာနုမြဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တ ဦးပညိန္ဒနှင့် အဖွဲ့ဝင် ပညာရှင်ကြီးများ တက်ရောက်ကြသည်။




အစည်းအဝေးတွင် ဒုတိယဝန်ကြီးက မြန်မာပြက္ခဒိန်သည် သာသနာ့ဝန်ကို ထမ်းဆောင်တော်မူကြသည့် ရဟန်း၊ သံဃာတော်များအတွက် ဝိနည်းတော်နှင့်အညီ ဝါဆို၊ ဝါကပ်ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် အရေးပါသည့် သတ်မှတ်ချက်တစ်ခုဖြစ်ကြောင်း၊ မြန်မာ-အင်္ဂလိပ်-ရခိုင် မူမှန်ပြက္ခဒိန်ရေးဆွဲရေးနှင့် မဟာသင်္ကြန်စာရေးသားပြုစုရေးတို့ကို ပညာရှင်ကြီးများအနေဖြင့် နှစ်စဉ်ဆောင်ရွက်ကြသည့်အတိုင်း ဝိုင်းဝန်းကြိုးပမ်း ပြုစုရေးဆွဲနိုင်ရေး ပန်ကြားလျှောက်ထားသည်။

ထို့နောက် မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဒေါက်တာဘဒ္ဒန္တ ဦးပညိန္ဒက အဖွင့်အမှာစကား မိန့်ကြားတော်မူပြီး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဝင်းက (၇၃)ကြိမ်မြောက် မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ မျက်နှာစုံညီအစည်းအဝေးနှင့် စပ်လျဉ်း၍ လျှောက်ထား ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ အဖွဲ့ဝင်ဆရာကြီးများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး ဥက္ကဋ္ဌဆရာတော်က လိုအပ်သည်များကို ပြန်လည်မိန့်ကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက်

**မန္တလေး ဇန်နဝါရီ ၁၆**





တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)၁၁/၂၀၂၄ ပထမနှစ်သင်တန်း မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အဆိုပါတက္ကသိုလ်စုဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဒေါက်တာ သိန်းဇော်လင်းနှင့် နှီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဂုဏ်ထူးဆောင် ပါမောက္ခဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ကျောင်းသား၊ ကျောင်းသူများက ဘုရားကန်တော့ခန်းတင်ဆက်မှုဖြင့် အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များထဲက တစ်ခုအပါအဝင်ဖြစ်သည့် တိုင်းရင်းဆေးပညာအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်သည့် မြန်မာနိုင်ငံက တစ်ခုတည်းသော တက္ကသိုလ်ဖြစ်ပါကြောင်း၊ နိုင်ငံတော်က ပညာရေး၊ လေ့ကျင့်ရေး၊ သင်ယူရေး၊ သုတေသနလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ရည်မှန်းချက်များ၊ မူဝါဒများချမှတ်၍ ဘက်ပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်း၊ လူသားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် တိုင်းရင်းဆေးပညာရှင်များ၏ ကျွမ်းကျင်မှုနှင့် ဝန်ဆောင်မှုပေးသည့် ကဏ္ဍသည်လည်း ချန်ထား၍မရပါကြောင်း၊ ကောင်းမွန်စွာတတ်ကျွမ်းနားလည်သည့် တိုင်းရင်းဆေးပညာရှင်များဖြစ်လာအောင် နှီးနွယ်ဆေးပညာရပ်များကိုပါ လေ့လာလိုက်စားရင်း ကြိုးစားသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ကျေးဇူးတင်စကားများပြောကြားပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့က ကျောင်းသား၊ ကျောင်းသူများမှ တိုင်းရင်းသားအကများ၊ တေးသရုပ်ဖော်သီဆိုကပြမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဂုဏ်ထူးဆောင် ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများအား ဂုဏ်ပြုချီးမြှင့်ပွဲနှင့် ၂၀၂၄ခုနှစ် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ပညာရည်ချွန်ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ၊ ကပြဖျော်ဖြေခဲ့သည့် အကအဖွဲ့အား ဂုဏ်ပြုငွေများကိုလည်းကောင်း၊ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ်က ဂုဏ်ထူးဆောင်ပါမောက္ခဆရာကြီး၊ ဆရာမကြီးများကို ဂုဏ်ပြုငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ချီးမြှင့်ခဲ့ပြီးနောက် တက်ရောက်လာသူများနှင့် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်းနှင့် အခမ်းအနားကိုအစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀











# သမဝါယမကောလိပ်(မန္တလေး) ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၆**

သမဝါယမကောလိပ် (မန္တလေး)၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မောင်မယ်သစ်လွင် ကြိုဆိုပွဲနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ်ရှိ သမဝါယမကောလိပ်(မန္တလေး) ရန်ကင်းခန်းမဆောင်တွင် ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ သမဝါယမ ကောလိပ် (မန္တလေး)ကျောင်းအုပ်ကြီး ဒေါက်တာ တင်မူအေးနှင့်ဆရာ ၊ ဆရာမများ၊ ဖိတ်ကြားထားသည့် ဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ပညာရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဆုများ ချီးမြှင့်ခဲ့ကြပြီးနောက် ကျောင်းအုပ်ကြီးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ကျောင်းသား၊ ကျောင်းသူများ၏ အကအလှများ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀








# ဆောင်းသီးနှံကုလားပဲ၊ ပဲလွန်းဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီး

**မကွေး ဇန်နဝါရီ ၁၆**

မကွေးတိုင်းဒေသကြီးရေနံချောင်းမြို့နယ်၌ ယခုနှစ်ဆောင်းရာသီသီးနှံ ကုလားပဲ၊ ပဲလွန်း စိုက်ပျိုးလျက်ရှိကာ ယမန်နေ့အထိစုစုပေါင်းဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း မကွေးတိုင်းဒေသကြီးရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။ **(အောက်ပုံ)**

ဆောင်းသီးနှံစိုက်ပျိုးရာတွင် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာများ ပံ့ပိုးခြင်း၊ အထွက်နှုန်း၊ ကောင်းမွန်ရေးကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ယခုနှစ်ဆောင်းရာသီ သီးနှံကုလားပဲဧက ၁၁၉၀ လျာထားပြီးစိုက်ပျိုးခဲ့ရာ ယမန်နေ့အထိဧက ၁၂၃၄ ဧက စိုက်ပျိုးပြီးသည့်အပြင် ပဲလွန်း ၈၆၈ ဧက လျာထားစိုက်ပျိုးရာ ယမန်နေ့အထိ ဧက ၁၂၄၄ ဧကစိုက်ပျိုးပြီးဖြစ်ကြောင်း မကွေးတိုင်းဒေသကြီးရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

ရေနံချောင်းမြို့နယ်တွင် ယခင်နှစ်မိုးရာသီ၌ ပဲလွန်း ၁၅၇၆ ဧက စိုက်ပျိုးပြီးစီးကာ ၁၅၇၆ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း တစ်ဧက လျှင် ၈ ဒသမ ၃၆တင်း ထွက်ကြောင်းသိရသည်။

တောင်သူများသည် ပဲမာစိုက်ပျိုးပြီးထွက်ရှိသည့် ပဲမာများအားရောင်းဝယ်ခြင်းဖြင့် ဝင်ငွေရရှိနိုင်မည်ဖြစ်သည့်အပြင် ဒေသတွင်း၌ မြန်မာ့ရိုးရာမုန့်များအဖြစ် စားသုံးရာတွင် အထောက်အကူပြုမည် ဖြစ်သည်။

(၄၇၂)



# အမက(၂၀) ပညာရေးစုံညီပွဲတော် ကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၆**

မန္တလေး အောင်မြေသာစံ မြို့နယ် အမှတ်(၂၀)အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကိုယမန်နေ့နံနက် ၉ နာရီက အဆိုပါကျောင်းခန်းမတွင်ကျင်းပသည်။



အခမ်းအနားသို့ကျောင်းအုပ်ဆရာမကြီးဒေါ်မေနွေဦးနှင့် ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ မိဘဆရာအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။

ရှေးဦးစွာအခမ်းအနားကို ကျောင်းသား၊ ကျောင်းသူလေးများက"မြန်မာ့ကျောင်း"သီချင်းသီဆို၍ ဖွင့်လှစ်ပြီး ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားပြီးကျောင်းသား၊ ကျောင်းသူလေးများ၏ အကပဒေသာဖြင့် ဧည့်ခံဖျော်ဖြေကြကာ ပညာရည်ချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၃)**

၀-၀-၀-၀

# အောင်လံမြို့ သံမဏိစက်ရုံ၌ မီးငြိမ်းသတ်ရေးသရုပ်ပြလေ့ကျင့်

**အောင်လံ ဇန်နဝါရီ ၁၆**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ အရေးပေါ်မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ယမန့်နေ့က အောင်လံမြို့ ကျောက်စွယ်ကျိုးကျေးရွာရှိ အမှတ်(၁) သံမဏိစက်ရုံ၌ သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။

အဆိုပါ သရုပ်ပြပွဲ၌ မြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းရည်ရွယ်ချက်၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ခြင်းဆိုင်ရာ အသိပညာပေး အကြောင်းအရာများနှင့် မီးသတ်ဆေးဘူး သုံးစွဲနည်းများကို မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက စက်ရုံဝန်ထမ်းများနှင့် အတူ မီးသတ်ဆေးဘူး အသုံးပြုခြင်း၊ မီးငြိမ်းသတ်ခြင်းတို့ကို လက်တွေ့ သရုပ်ပြလေ့ကျင့်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**အာကာ(ပြန်/ဆက်)**



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Lady Swe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁) ရပ်ကွက်နေ ဆွေဆွေသက်အား မွန်းလွဲ ၃ နာရီ မိနစ် ၄၀ တွင် လှိုင်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ဆင်ပေါင်ဝဲ ဇန်နဝါရီ ၁၆**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ဆင်ပေါင်ဝဲမြို့နယ်တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေးလုပ်ငန်းများကို ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းက မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းရုံးဝင်းအတွင်း၌ ကျင်းပခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆန်းဝင်းဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးဟောပြောခြင်း၊ မီးသတ်ဆေးဘူး အသုံးပြုပုံအား ရှင်းလင်းပြသခြင်း၊ အရေးပေါ်မီးလောင်မှုဖြစ်ပွားပါက မီးငြိမ်းသတ်ရေးနည်းလမ်းများအား လက်တွေ့ သရုပ်ပြသခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

# ဒီးမော့ဆိုမြို့ အရှေ့ခြမ်းကို လေကြောင်းဖြင့်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပြည်သူ သုံးဦးသေဆုံးပြီး လေးဦး ဒဏ်ရာရရှိကြောင်း သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေ

**နေပြည်တော် ဇန်နဝါရီ ၁၆**

ကယားပြည်နယ် ဒီးမော့ဆိုမြို့ အရှေ့ခြမ်းကို လေကြောင်းဖြင့် ပစ်ခတ် တိုက်ခိုက်မှုကြောင့် ပြည်သူ သုံးဦးသေဆုံးပြီး လေးဦး ဒဏ်ရာရရှိကြောင်း မဟုတ်မမှန် သတင်းများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသား ဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။




အဆိုပါသတင်းနှင့် ပတ်သက်၍ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များအား စုံစမ်းမေးမြန်းချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများ၏ လျှို့ဝှက်သတင်းပေးပို့မှုအရ အကြမ်းဖက်မှု ပပျောက်စေရေးအတွက် အကြမ်းဖက်သမားများ တရားမဝင်ခိုအောင်း နေထိုင်လျက်ရှိသည့် နေရာများကို နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် စစ်ရေးပစ်မှတ်မဟုတ်သည့် အရပ်ဘက်ပစ်မှတ်များကို ပစ်ခတ်တိုက်ခိုက်ခြင်း မရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့အား ထောက်ခံအားပေးခြင်းမရှိသည့် နယ်မြေများအား မီးရှို့ဖျက်ဆီးခြင်း၊ ဥပဒေမဲ့ဖမ်းဆီးသတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို ပြည်သူများ အသိပင်ဖြစ်ကြောင်း၊ အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုက အထင်မှား၊ အမြင်မှားဖြစ်စေရန် လူမှုကွန်ရက်မှတစ်ဆင့် သတင်းအမှားများကို လုပ်ကြံရေးသားဖြန့်ဝေခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မှုခင်းလျော့နည်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကျိုင်းတုံ ဇန်နဝါရီ ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ မှုခင်းလျော့နည်း ကျဆင်းရေး အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က ကျိုင်းတုံခရိုင်ရဲတပ်ဖွဲ့မှူးရုံးတွင် ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဒုတိယ ရဲတပ်ဖွဲ့မှူး(ကျိုင်းတုံ)မှ ရဲမှူးကြီး သန့်ဇင်၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်တို့က အမှာစကားပြောကြားပြီး ကျိုင်းတုံခရိုင် ရဲတပ်ဖွဲ့မှူး(ယာယီ) ဒုတိယရဲမှူးကြီး အောင်မြင့်ကြည်၊ အမှတ်(၇) မူးယစ်တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး သန်းအောင်နှင့် သီးခြားရဲတပ်ဖွဲ့မှူးများက ဒေသအတွင်း မှုခင်းလျော့နည်းကျဆင်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဆိုင်ရာ၊ မူးယစ်ဆေးဝါး အန္တရာယ်များနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများ၊ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်းကို ဒေသခံ တိုင်းရင်းသားပြည်သူများအား အသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဒုတိယ ရဲတပ်ဖွဲ့မှူး(ကျိုင်းတုံ)က ဒေသအတွင်း မှုခင်းလျော့နည်းကျဆင်းရေး ဆောင်ရွက်ရာတွင် ပြည်သူများအနေဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းပါဝင်၍ အများအကျိုးအတွက် ဆောင်ရွက်စေလိုကြောင်း ဖြည့်စွက်ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ချမ်းအေးသာစံမြို့နယ်တွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးမျိုးစုံအား ဖမ်းဆီးရမိ

**မန္တလေး ဇန်နဝါရီ ၁၆**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟောမာအရှေ့ရပ်ကွက်ရှိ ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်တွင် ကျန်းမာရေးဝန်ကြီးဌာန၌ မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးမျိုးစုံအား ဇန်နဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီက ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ခွဲ)(မန္တလေး)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းဘုန်းမြင့်ကျော်နှင့်အဖွဲ့၊ အမှတ်(၁၁)မှုခင်းရဲတပ်စုမှူး ရဲမှူးထွန်းထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အကောက်ခွန် ဦးစီးဌာနမှ အကောက်ခွန်မှူး ဦးဖေသန်းမောင်နှင့်အဖွဲ့သည် အသိသက်သေများဖြင့် မြို့နယ်အတွင်းရှိ ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်များ လိုက်လံစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးခဲ့ရာမှ သီရိဟောမာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၄၂)၊ ၈၇(အေ)လမ်း၊ ၂၆လမ်းနှင့်၂၇လမ်းကြားရှိ အခန်းအမှတ်(ဃ-၃)တွင် ဖွင့်လှစ်ထားသည့် ဦး××××××၏ ဆေးအရောင်းဆိုင်အတွင်းမှ ကျန်းမာရေး ဝန်ကြီးဌာန၌ မှတ်ပုံတင်ထားခြင်းမရှိသော မြန်မာနိုင်ငံဆေးဝါးမှတ်ပုံတင်အမှတ် ရိုက်နှိပ်ဖော်ပြထားခြင်းမရှိသည့် ဆေးဝါး (၁၆)မျိုး တန်ဖိုးငွေကျပ် ၃၇၈ သိန်းကျော်အား ရှာဖွေသိမ်းဆည်းရမိသဖြင့် အရေးယူခဲ့သည်။

အဆိုပါဆေးဝါးမျိုးစုံအား ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားရောင်းချသူ ဦး×××××(၄၃)နှစ်(စကြာနွယ်စဉ်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်)နေထိုင်သူအား အမှတ်(၆)နယ်မြေရဲစခန်းတွင် အမျိုးသားဆေးဝါးဥပဒေ ပုဒ်မ-၁၈ ဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(၀၅၇)

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ





**နေပြည်တော် ဇန်နဝါရီ ၁၆**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဇန်နဝါရီ ၄ ရက် ညနေ ၅ နာရီခွဲက တောင်ကြီးမြို့နယ်၊ တောင်လေးလုံးကျေးရွာအနီးတွင် တောင်ကြီးမှ အောင်ပန်းဘက်သို့ ဟန်လင်းကျော်ဆိုသူ မောင်းနှင်ပြီး မယွန်းသီရိကျော်ဆိုသူ လိုက်ပါလာသည့် TOYO TA MARK II ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြားလေးသိန်း ဖမ်းဆီးရမိခဲ့ကြောင်း သတင်းကွင်းဆက်အရ ဇန်နဝါရီ ၅ ရက် နံနက် ၁၁ နာရီက မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ကျဲတပ်ဆုံကျေးရွာအနီးတွင် တောင်ကြီးမှ ရန်ကုန်သို့ ဇော်ဇော်အောင်(ခ)ထက်အောင်ဆိုသူ မောင်းနှင်ပြီး သန်းထွန်းနှင့် ကျော်ဝင်း(ခ)ဘလိ ဆိုသူတို့ လိုက်ပါလာသည့် CRV မော်တော်ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြားသုံးသိန်း ဖမ်းဆီးရမိခဲ့ကြောင်း ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်များအရ အထက်ပါ ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြား ခုနစ်သိန်းအား ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့နယ်၊ ပန်လင်းဆိုင်ကျေးရွာနေ စိုင်းလာ(ခ)ကိုစိုင်းဆိုသူ၏ အစီအမံဖြင့် ကွန်ဟိန်းမြို့နယ်၊ ကာလိကျေးရွာနေ စိုင်းဘမောင်(ခ)ကိုဘ(ခ)စိုင်းယွန်းဆိုသူထံက ဝယ်ယူခဲ့ပြီး လှိုင်လင်မြို့နယ်၊ နောင်လိုင်မူဖိတ်ကျေးရွာနေ စိုင်းထွန်းလှ ဆိုသူမှ တောင်ကြီးမြို့သို့ တာဝန်ခံသယ်ဆောင်၍ ဟန်လင်းကျော်နှင့် မယွန်းသီရိကျော်ဆိုသူတို့အား စိတ်ကြွရူးသွပ်ဆေးပြားလေးသိန်းကို ပြန်လည်ရောင်းချခဲ့ကြောင်း၊ ဇော်ဇော်အောင်(ခ)ထက်အောင်၊ သန်းထွန်းနှင့် ကျော်ဝင်း(ခ)ဘလိ ဆိုသူတို့အား စိတ်ကြွရူးသွပ်ဆေးပြားသုံးသိန်းကို တောင်ကြီးမှ ရန်ကုန်သို့ သယ်ဆောင်ခိုင်းခဲ့ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့ ဟိုပုံးမြို့နယ်၊ ဖက်ရမ်းကြီးကျေးရွာတွင် စိုင်းထွန်းလှ ဆိုသူအား ဖမ်းဆီးရမိခဲ့ကြောင်း၊ ဆက်လက်၍ ရန်ကုန်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ လက်ခံ၍ ပြန်လည်ရောင်းချသူများဖြစ်သည့် အောင်ကျော်ဌေး(ခ)ကိုဌေးနှင့် စိုင်းဝေအောင် ဆိုသူတို့ အား သဃ်ာန်းကျွန်းမြို့နယ်၌လည်းကောင်း၊ ဦးသန့်ဇော်ဆိုသူအား တာမွေမြို့နယ်၌လည်းကောင်း အသီးသီး ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း ၎င်းတို့အား ဥပဒေအရ အရေးယူစစ်ဆေးလျက်ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

# အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ နှုတ်ဆက်မိန့်ခွန်း၌ လူနည်းစုအုပ်ချုပ်မှုအန္တရာယ်များ ထောက်ပြသတိပေး



**ဝါရှင်တန် ဇန်နဝါရီ ၁၆**

မကြာမီနိုင်ငံရေးသက်တမ်းကုန်ဆုံးတော့မည်ဖြစ်သော အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ဇန်နဝါရီ ၁၅ ရက်တွင် ရုပ်မြင်သံကြားမှတစ်ဆင့် မိန့်ခွန်းပြောကြားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အသက် ၈၂ နှစ်အရွယ် ဂျိုးဘိုင်ဒင်က ဝါရှင်တန်မြို့တော်ရှိ အိမ်ဖြူတော် ဘဲဥပုံခန်းမဆောင်ထဲ၌ ၎င်း၏မိသားစုဝင်များရှေ့မှောက်တွင် ထိုသို့နှုတ်ခွန်းဆက်မိန့်ခွန်းပြောခဲ့ခြင်းဖြစ်သည်။

ယနေ့ခေတ် မိမိတို့နိုင်ငံတွင် ဓနအင်အား၊ ဩဇာအင်အားကြီးမားသော လူနည်းစုက အလွန်အမင်းချုပ်ကိုင်လွှမ်းမိုးလာမည့် အန္တရာယ်ရှိနိုင်ပြီး လူထုနှင့်သက်ဆိုင်သော ဒီမိုကရေစီကို ခြိမ်းခြောက်လာနိုင်ကြောင်း ထောက်ပြသတိပေးခဲ့သည်။

ထို့ပြင် မဟုတ်မမှန်သတင်းထုတ်လွှင့်မှုများ၊ သတင်းမှားဖြန့်သည့်ကိစ္စများကြောင့် အာဏာအလွဲသုံးမှုများ ပေါ်ပေါက်လာစေနိုင်သည်ဟုလည်း သမ္မတဂျိုးဘိုင်ဒင်က ဆက်လက်သတိပေးသည်။

၎င်း၏ နိုင်ငံရေးသက်တမ်း မကုန်ဆုံးမီ ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးနှင့် ဟားမတ်စ်တို့အကြား ယာယီအပစ်အခတ်ရပ်စဲရန် စေ့စပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **Mon**



ဇန်နဝါရီ ၅ ရက်က ကီယက်ဗ်မြို့တော်သို့ အလည်အပတ်ရောက်ရှိလာသော ဗြိတိန်ဝန်ကြီးချုပ် ဆာကီဝီယာစတာမာကို ယူကရိန်းသမ္မတ ဇေလင်စကီး ကြိုဆိုနှုတ်ဆက်နေစဉ်။ **Mon**

# အိန္ဒိယ၌ ပထမဆုံးထုတ်လုပ်သည့် လျှပ်စစ်ကားအကြောင်း ဆူဇူကီးကုမ္ပဏီဥက္ကဋ္ဌ မိတ်ဆက်ရှင်းလင်းပြောကြား



**ဒေလီ ဇန်နဝါရီ ၁၆**

အိန္ဒိယနိုင်ငံ၌ ပထမဆုံးထုတ်လုပ်သည့် ဗီတာရာလျှပ်စစ်ကားနှင့်ပတ်သက်၍ ဂျပန်အခြေစိုက် ဆူဇူကီးကုမ္ပဏီဥက္ကဋ္ဌ မာရုတိဆူဇူကီး ယမန်နေ့ကမိတ်ဆက်ရှင်းလင်းပြောကြားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဆူဇူကီးကုမ္ပဏီက အိန္ဒိယနိုင်ငံတွင် လျှပ်စစ်ကားစက်ရုံတည်ထောင်ကာ အလယ်အလတ်အရွယ်အစား ဗီတာရာလျှပ်စစ်ကားများကို တစ်ကမ္ဘာလုံးသို့ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ကြောင်း ၎င်းက အတည်ပြုပြောဆိုသည်။

လတ်တလောတွင် ကမ္ဘာ့ဈေးကွက်၌ လျှပ်စစ်ကားများ အရောင်းတန့်နေသော်လည်း အိန္ဒိယနိုင်ငံတွင် လျှပ်စစ်ကားဈေးကွက်ဖွံ့ဖြိုးလာနိုင်ကြောင်း ၎င်းက ထောက်ပြသည်။

ဇန်နဝါရီ ၁၇ ရက်တွင် စတင်ဖြန့်ဖြူးရောင်းချမည့် ဗီတာရာလျှပ်စစ်ကားများကို ဂျပန်၊ အာဖရိက၊ အရှေ့အလယ်ပိုင်း၊ တောင်အမေရိကနှင့် အလယ်အမေရိကသို့ ဈေးကွက်တောင်းဆိုမှုအရ တင်ပို့ပေးသွားမည်ဟု ဆိုသည်။

အိန္ဒိယအခြေစိုက် ဆူဇူကီးလျှပ်စစ်ကားကုမ္ပဏီက လာမည့် ၂၀၃၁ ခုနှစ်အထိ တစ်နှစ်လျှင် ဗီတာရာလျှပ်စစ်ကားအစီးရေ ၄ သန်းအထိ ထုတ်လုပ်ရန် အမေရိကန်ဒေါ်လာ သန်းလေးထောင်ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS နိုင်ငံတကာသတင်းများ

# အပမ်းခံရသော သမ္မတယွန်းဆွတ်ယူးလ်ကို လွှတ်ပေးရန် အားပေးထောက်ခံသူများ ရာနှင့်ချီ၍ စုဝေးတောင်းဆို

**ဆိုးလ် ဇန်နဝါရီ ၁၆**

အဖမ်းခံရသော သမ္မတယွန်းဆွတ်ယူးလ်ကို လွှတ်ပေးရန် ၎င်းဘက်မှ အားပေးထောက်ခံသူများ ယမန်နေ့က ရာနှင့်ချီ၍ စုဝေးတောင်းဆိုခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုအားပေးထောက်ခံသူများသည် သမ္မတနေအိမ်ပြင်ပတွင် စခန်းချနေခဲ့ကြရာမှ ယွန်းဆွတ်ယူးလ်ကို ဖမ်းဆီးရန် ရောက်လာသော ရဲတပ်ဖွဲ့ဝင်များနှင့် ရုန်းရင်းဆန်ခတ်ဖြစ်ခဲ့သေးသည်။

၎င်းတို့သည် သမ္မတယွန်းဆွတ်ယူးလ် စစ်မေးခံနေရသော တောင်ကိုရီးယားအကျင့်ပျက်မှုတိုက်ဖျက်ရေးရုံးအပြင်ဘက်သို့ ဆက်လက်သွားရောက်ပြီး ၎င်းကို လွှတ်ပေးရန် ထပ်မံတောင်းဆိုခဲ့ကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀





# ၂၀၂၄ ခုနှစ် တရုတ်ဈေးကွက် အိုင်ဖုန်းရောင်းအား ပထမနေရာမှ တတိယနေရာသို့ ကျဆင်းသွားခဲ့

**ပေကျင်း ဇန်နဝါရီ ၁၆**

၂၀၂၄ ခုနှစ်တွင် တရုတ်ဈေးကွက်၌ အမေရိကန်အခြေစိုက် အက်ပဲလ်ကုမ္ပဏီလုပ် အိုင်ဖုန်းရောင်းအားမှာ ပထမနေရာမှ တတိယနေရာသို့ ကျဆင်းသွားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ပထမသုံးလပတ်မှ စတုတ္ထသုံးလပတ်အထိ အိုင်ဖုန်းအရောင်းကျဆင်းခဲ့ရာမှ နောက်ဆုံးလတွင် ကျဆင်းသည့်ပမာဏ ၂၅ ရာခိုင်နှုန်းအထိ ရှိခဲ့သည်။

ယမန်နှစ်က တရုတ်ပြည်တွင်းဈေးကွက်တွင် ဗီဗိုစမတ်ဖုန်းများက ပထမနေရာ၌လည်းကောင်း၊ ဟွာဝေးစမတ်ဖုန်းများက ဒုတိယနေရာ၌လည်းကောင်း ရပ်တည်နိုင်ခဲ့ကြသည်။

ယခင်က အိုင်ဖုန်းအရောင်းစံချိန်သည် တရုတ်ပြည်တွင်းဈေးကွက်တွင် လေးနှစ်ကြာ ပထမနေရာတွင်ရှိနေခဲ့သော်လည်း ယခုနောက်ပိုင်းတွင် ဗီဗိုနှင့် ဟွာဝေးကဲ့သို့သော ဖုန်းများက နည်းပညာချင်း ယှဉ်ပြိုင်လာနိုင်ခဲ့ရာမှ အရောင်းကျဆင်းလာခဲ့ခြင်းဖြစ်သည်။

အလီဘာဘာအွန်လိုင်းစတိုးဆိုင်တွင် နောက်ဆုံးပေါ်အိုင်ဖုန်း ၁၆ ကို ယွမ် ၁၀၀၀ အထိ ဈေးလျှော့ရောင်းချခဲ့သည့်တိုင် ဝယ်ယူအားပေးသူ နည်းပါးခဲ့ကြောင်း သိရသည်။ **Mon**

# လော့စ်အိန်ဂျယ်လိစ်မြို့မှ မီးဘေးသင့်သူများ ထောင်နှင့်ချီ၍ အိုးမဲ့အိမ်မဲ့ဘဝသို့ ရောက်ရှိ

**ဝါရှင်တန် ဇန်နဝါရီ ၁၆**

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်တွင် တောက်လောင်နေသော တောမီးကြောင့် လော့စ်အိန်ဂျယ်လိစ်မြို့မှ မီးဘေးသင့်သူများ ထောင်နှင့်ချီ၍ အိုးမဲ့အိမ်မဲ့ဘဝသို့ ရောက်ရှိခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

မီးဘေးလွတ်ရာ လော့စ်အိန်ဂျယ်လိစ်မြို့လယ်ရှိ ဟိုတယ်အချို့တွင် ပရဟိတစိတ်ရှိသော ပိုင်ရှင်များက စီစဉ်ပေးသဖြင့် မီးဘေးသင့်သူများ အခမဲ့ယာယီနေထိုင်ခွင့်ရကြသည်။

ဟိုတယ်အများစုက ၎င်းတို့၏နေထိုင်ရေးအဆင်ပြေစေရန်အတွက် အခန်းခနှုန်းထားများကို လျှော့ထားပေးကြောင်း သိရသည်။ **Mon**



# ဂါဇာစစ်ပွဲ ယာယီအပစ်အခတ်ရပ်စဲရေး သဘောတူညီ၊ အစ္စရေးပြည်သူလူထု လမ်းပေါ်ထွက် ထောက်ခံကြိုဆို

**ဂျေရုဆလင် ဇန်နဝါရီ ၁၆**

ဂါဇာစစ်ပွဲ ယာယီအပစ်အခတ်ရပ်စဲရေး ပဏာမသဘောတူညီချက် ဇန်နဝါရီ ၁၆ ရက်တွင် ထွက်ပေါ်လာပြီဖြစ်ရာ တယ်လဗီမြို့၌ အစ္စရေးပြည်သူလူထုများ လမ်းပေါ်ထွက်ပြီး ထောက်ခံကြိုဆိုခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကြားဝင်စေ့စပ်ဆွေးနွေးသူများက ဇန်နဝါရီ ၁၉ ရက်ရောက်မှ အစ္စရေးနှင့် ဟားမတ်စ် နှစ်ဖက်အပစ်အခတ်ရပ်တန့်ရန် ကနဦးအတည်ပြုခဲ့ပြီးမှ ရှေ့သို့ ရက်တိုးပြီး ပြင်ဆင်သတ်မှတ်လိုက်ကြခြင်းဖြစ်သည်။

ထိုပြင်ဆင်သတ်မှတ်ချက်ထုတ်ပြန်ကြေညာသောအချိန်နှင့် မရှေးမနှောင်းတွင် တိုက်တိုက်ဆိုင်ဆိုင်ပင် အစ္စရေးတပ်ဖွဲ့များ ဂါဇာမြောက်ပိုင်းဒေသကို လေကြောင်းတိုက်ခိုက်ခဲ့ရာ ပါလက်စတိုင်း ၁၂ ဦး သေဆုံးခဲ့ရသည်။




ထိုယာယီအပစ်အခတ်ရပ်စဲမှုကာလ ပထမပိုင်းတွင် ဟားမတ်စ်ဘက်က ဓားစာခံ ၃၃ ဦးကို လွှတ်ပေးမည်။ နောက်ခြောက်ပတ်အတွင်း အစ္စရေးဘက်က ပါလက်စတိုင်းအကျဉ်းသားများကို လွှတ်ပေးမည်။ ထို့နောက် အစ္စရေးတပ်ဖွဲ့များ အဆင့်ဆင့်ရုပ်သိမ်းပေးရမည်ဟု သဘောတူညီထားသည်။

ထိုသို့ သဘောတူညီထားသည်ဆိုသော်လည်း ၄၂ ရက်ကြာမြင့်မည့် ထိုပထမပိုင်းအချိန်မပြည့်မီ စစ်ပြန်ဖြစ်မည်ကို အနောက်အုပ်စု ထိပ်တန်းသံတမန်များ စိုးရိမ်လျက်ရှိကြောင်း သိရသည်။

**Mon**

# နိုင်ငံတကာ အားကစား သတင်းများ

## တွမ်ကန်နွန်အား လက်စတာစီးတီးအသင်း ပြန်လည်ခေါ်ယူ

**လီဆက်စတာ ဇန်နဝါရီ ၁၆**

လက်စတာစီးတီးအသင်းသည် စတုတ်စီးတီးအသင်းသို့ အငှားချထားသည့် အသင်းတိုက်စစ်မှူး တွမ်ကန်နွန်အား ပြန်လည်ခေါ်ယူလိုက်ပြီဖြစ်ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၂)နှစ် အရွယ်ရှိ တိုက်စစ်မှူးသည် ယခုနှစ်ဘောလုံးရာသီတွင် စတုတ်စီးတီးအသင်းသို့ အငှားသွားရောက်ကစားပြီး ပြိုင်ပွဲစုံ ၂၅ပွဲကစားကာ ၁၁ဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လက်စတာစီးတီးအသင်းက ပြန်လည်ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

လက်စတာစီးတီးအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ပွဲ ၂၀ ကစားအပြီးတွင် ရမှတ် ၁၄ မှတ်ဖြင့် အဆင့် ၁၉နေရာတွင် ရပ်တည်ပြီး ရလဒ်များအလွန်ဆိုးရွားလျက်ရှိရာ တွမ်ကန်နွန်က အသင်းအား ပြန်လည်ကူညီပံ့ပိုးနိုင်လိမ့်မည်ဟု ယုံကြည်ခြင်းကြောင့် အငှားချထားခြင်းမှ အသင်းသို့ ပြန်လည်ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် တွမ်ကန်နွန်အနေဖြင့် လက်စတာစီးတီးအသင်းအား ရလဒ်ကောင်းများရရှိအောင် ပံ့ပိုးကူညီနိုင်သွားမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

(အောက်ပုံ)

(NGB)





## ဂျွန်ဒူရမ် အက်စတွန်ဗီလာအသင်းတွင် ဆက်ရှိသွားမည်

**လန်ဒန် ဇန်နဝါရီ ၁၆**

တိုက်စစ်မှူး ဂျွန်ဒူရမ် အသင်းမှထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု အက်စတွန်ဗီလာအသင်းက အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၁)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို ဝက်စ်ဟမ်းအသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း အက်စတွန်ဗီလာအသင်းက ပယ်ချခဲ့သည်။

တိုက်စစ်မှူး ဂျွန်ဒူရမ်သည် အက်စတွန်ဗီလာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၅ ပွဲကစားကာ ဂိုး ၂၀ထိ သွင်းယူပြီး ခြေစွမ်းပြထားသည်။

အက်စတွန်ဗီလာအသင်းထုတ်ပြန်ချက်တွင် "ဂျွန်ဒူရမ်အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်သည်။

(အပေါ်ပုံ)

(NGB)

## ရီနာတိုဗီဂါအား ခေါ်ယူရန် ဒေါ့မွန်အသင်း စီစဉ်

**လန်ဒန် ဇန်နဝါရီ ၁၆**

ဒေါ့မွန်အသင်းသည် ချဲလ်ဆီး အသင်းနောက်ခံကစားသမား ရီနာတိုဗီဂါအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၁)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ချဲလ်ဆီး အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၈ ပွဲ ကစားပြီး ၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဒေါ့မွန်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။

နောက်ခံကစားသမား ရီနာတိုဗီဂါကိုယ်တိုင်ကလည်း လက်ရှိအချိန် ချဲလ်ဆီးအသင်း တာဝန်ရှိသူများနှင့်အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်လျက်ရှိနေသည်။

ထို့ကြောင့် ဒေါ့မွန်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ချဲလ်ဆီးအသင်းထံမှ ရီနာတိုဗီဂါအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

(အောက်ပုံ) (NGB)



## ၁၉၉၃-၁၉၉၄ ဘောလုံးရာသီနောက်ပိုင်း ပြိုင်ပွဲစုံ ၉ပွဲဆက် အနိုင်ရရှိခဲ့သည့် စံချိန်တစ်ရပ် နယူးကာဆယ်အသင်း ပိုင်ဆိုင်

**လန်ဒန် ဇန်နဝါရီ ၁၆**

နယူးကာဆယ်အသင်းသည် ၁၉၉၃-၁၉၉၄ ဘောလုံးရာသီနောက်ပိုင်း ပြိုင်ပွဲစုံ ၉ ပွဲဆက် အနိုင်ရရှိခဲ့သည့် စံချိန်မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

နယူးကာဆယ်အသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ဝုဖ်အသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

နယူးကာဆယ်အသင်းသည် နောက်ဆုံးကစားခဲ့သည့် ပြိုင်ပွဲစုံ ၉ ပွဲစလုံးတွင် ၉ ပွဲစလုံး ရာနှုန်းပြည့် ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

နယူးကာဆယ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်ကောင်းများ ကောင်းမွန်ခဲ့ပြီး ပရီးမီးယားလိဂ်ပွဲစဉ် ၂၁ ပွဲ ကစားပြီးချိန်တွင်လည်း ရမှတ် ၃၈မှတ်ဖြင့် အဆင့် ၄ နေရာတွင် ရပ်တည်ခဲ့သည်။

နယူးကာဆယ်အသင်း နည်းပြ အက်ဒီဟောင်းက "အသင်းအနေနဲ့ အခုလိုမှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေနဲ့ အသင်းအောင်မြင်မှုများရရှိဖို့ ဆက်လက်ကြိုးပမ်းသွားမှာပါ" ဟု ပြောသည်။

(အောက်ပုံ) (NGB)



### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်–၂၇)ဇယား

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၈-၁-၂၀၂၅ | (၂)ဘန်လေ – ဆန်းဒါးလန်း(၄) | ဘန်လေ ၀-၀ ဆန်းဒါးလန်း | ဘန်လေ(အိမ်) | ၁၂ | ၆ | ၆ | - | ၁၅ | ၄ |
| နံနက်၀၂:၃၀နာရီ | (ဆန်းဒါးလန်း ၁-၀ ဘန်လေ) | ဆန်းဒါးလန်း ၂-၄ ဘန်လေ | ဆန်းဒါးလန်း(ဝေး) | ၁၃ | ၅ | ၄ | ၄ | ၁၇ | ၁၄ |

### ပြင်သစ် လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်–၁၈)ဇယား

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၈-၁-၂၀၂၅ | (၁၈)ဖော်ဂျယ်လီယာ – မိုနာကို(၃) | ဖော်ဂျယ်လီယာ ၀-၂ မိုနာကို | ဖော်ဂျယ်လီယာ(အိမ်) | ၉ | ၂ | ၃ | ၄ | ၁၃ | ၂၂ |
| နံနက်၀၁:၁၀နာရီ | (မိုနာကို ၂-၁ ဖော်ဂျယ်လီယာ) | မိုနာကို ၂-၀ ဖော်ဂျယ်လီယာ | မိုနာကို(ဝေး) | ၈ | ၄ | ၂ | ၂ | ၁၄ | ၈ |
| ၁၈-၁-၂၀၂၅ | (၅)လိုင်လီ – နိစ်(၄) | လိုင်လီ ၂-၂ နိစ် | လိုင်လီ(အိမ်) | ၈ | ၄ | ၃ | ၁ | ၁၄ | ၁၀ |
| နံနက်၀၂:၃၅နာရီ | (နိစ် ၂-၂ လိုင်လီ) | နိစ် ၁-၁ လိုင်လီ | နိစ်(ဝေး) | ၉ | ၃ | ၃ | ၃ | ၁၄ | ၁၄ |

### ဂျာမန် ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်–၁၈)ဇယား

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၈-၁-၂၀၂၅ | (၃)ဖရန့်ဖတ် – ဒေါ့မွန်(၁၀) | ဖရန့်ဖတ် ၃-၃ ဒေါ့မွန် | ဖရန့်ဖတ်(အိမ်) | ၈ | ၅ | ၂ | ၁ | ၂၃ | ၁၂ |
| နံနက်၀၂:၀၀နာရီ | (ဒေါ့မွန် ၂-၀ ဖရန့်ဖတ်) | ဒေါ့မွန် ၃-၁ ဖရန့်ဖတ် | ဒေါ့မွန်(ဝေး) | ၈ | ၁ | ၂ | ၅ | ၁၀ | ၁၈ |

### အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်–၂၁)ဇယား

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပ–ကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၈-၁-၂၀၂၅ | (၁၀)ရိုးမား – ဂျီနိုအာ(၁၁) | ရိုးမား ၁-၀ ဂျီနိုအာ | ရိုးမား(အိမ်) | ၁၀ | ၆ | - | ၄ | ၂၀ | ၁၀ |
| နံနက်၀၂:၁၅နာရီ | (ဂျီနိုအာ ၁-၁ ရိုးမား) | ဂျီနိုအာ ၄-၁ ရိုးမား | ဂျီနိုအာ(ဝေး) | ၉ | ၄ | ၂ | ၃ | ၇ | ၁၀ |

### စပိန် လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်–၂၀)ဇယား

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး၅ပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၈-၁-၂၀၂၅ | (၁၈)အက်စ်ပန်ညိုး – ဗယ်လာဒိုးလစ်(၁၉) | အက်စ်ပန်ညိုး ၂-၀ ဗယ်လာဒိုးလစ် | အက်စ်ပန်ညိုး(အိမ်) | ၁၀ | ၄ | ၃ | ၃ | ၁၃ | ၁၂ |
| နံနက်၀၂:၃၀နာရီ | (ဗယ်လာဒိုးလစ် ၁-၀ အက်စ်ပန်ညိုး) | ဗယ်လာဒိုးလစ် ၀-၀ အက်စ်ပန်ညိုး | ဗယ်လာဒိုးလစ်(ဝေး) | ၉ | ၁ | - | ၈ | ၆ | ၂၅ |

### ၂၀၂၄–၂၅ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်–၁၆)ဇယား

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၇-၁-၂၀၂၅ သောကြာနေ့ | ညနေ ၄:၀၀ နာရီ (သုဝဏ္ဏကွင်း) | (၈)အံ့ဝိုင် – မဟာ(၆) (မဟာ ၃-၃ အံ့ဝိုင်) | ——— |

### ဘောလုံးသတင်းအတိုအထွာများ

* ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြောက်အိုင်ယာလန်အသင်းသည် လာမည့် မတ် ၂၅ရက်တွင် ဆွီဒင်အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။


* ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ်အဖြစ် ဘိုင်ယန်မြူးနစ်အသင်းသည် ဟော့ဖန်ဟိမ်းအသင်းအား ငါးဂိုး၊ ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းနည်းပြ ကွန်ပနီက အသင်းသားများ၏ ခြေစွမ်းအပေါ် အားရကျေနပ်မှုရှိကြောင်း၊ ဂိုးပြတ်အနိုင်ရရှိသည့်အတွက်လည်း အလွန်ကျေနပ်မိကြောင်း ပြောကြားခဲ့သည်။

(NGB)

## ဂိုးသမား ဇီယွန်ဆူဇူကီး၏ ပြောင်းရွှေ့ကြေးအား စတာလင်ပေါင် သန်း ၄၀အဖြစ် ပါးမားအသင်းသတ်မှတ်

**တူရင် ဇန်နဝါရီ ၁၆**

စီးရီးအေကလပ် ပါးမားအသင်းသည် အသင်းဂိုးသမား ဇီယွန်ဆူဇူကီး၏ ပြောင်းရွှေ့ကြေးအား စတာလင်ပေါင် သန်း ၄၀ အဖြစ် သတ်မှတ်လိုက်ပြီ ဖြစ်သည်။



အသက်(၂၂)နှစ်အရွယ်ရှိ ဂိုးသမားကို လက်ရှိအချိန်တွင် မန်ချက်စတာယူနိုက်တက်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ဂိုးသမား ဇီယွန်ဆူဇူကီးသည် ပါးမားအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် စီးရီးအေ ပွဲစဉ် ၁၈ ပွဲ ကစားပြီး လက်စွမ်းပြထားသည်။

ပါးမားအသင်းကလည်း ဇီယွန်ဆူဇူကီးအတွက် ၎င်းတို့ သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည် ဖြစ်သည်။

ထို့ကြောင့် မန်ချက်စတာယူနိုက်တက်အသင်းအနေဖြင့် ပါးမားအသင်း သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ဂိုးသမား ဇီယွန်ဆူဇူကီးအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

(ဝဲပုံ) (NGB)

# မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ကကြီးမှူး၍ ဆပ်ပြာဆီပြုလုပ်နည်းသင်တန်းပို့ချ



**မန္တလေး ဇန်နဝါရီ ၁၆**

တစ်နိုင်တစ်ပိုင် မိသားစုစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်ရည်ရွယ်ပြီး မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ ဆပ်ပြာဆီပြုလုပ်နည်း သင်တန်းဖွင့်လှစ်ပို့ချပေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အဆိုပါအဖွဲ့ရုံးတွင် ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်မမ၊ ဥက္ကဋ္ဌ ဒေါ်မိမိစိုးနှင့် အဖွဲ့ဝင်များ၊ မဟာအောင်မြေခရိုင်၊ အောင်မြေသာစံခရိုင်၊ အမရပူရခရိုင်အတွင်းရှိ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး သင်တန်းနည်းပြများက သင်တန်းသူ ၄၅ ဦးအား ဆပ်ပြာဆီပြုလုပ်နည်းများ၊ ခေါင်းလျှော်ရည်ပြုလုပ်နည်းများကို စနစ်တကျ လက်တွေ့ပို့ချပြသနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၄)

# အခြေခံပညာအထက်တန်းကျောင်းခွဲ အ.လ.က(၃)တွင် လူငယ်စကားဝိုင်း ကျင်းပ




**တောင်တွင်းကြီး ဇန်နဝါရီ ၁၆**

ကျောင်းသား၊ ကျောင်းသူ လူငယ်များ အသိပညာ ဗဟုသုတ ကြွယ်ဝစေပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဆွေးနွေးပွဲများတွင် ပါဝင်တတ်စေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်းခွဲ အ.လ.က (၃)ဘက်စုံသုံးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် အခြေခံပညာဦးစီးဌာနမှ ဒုတိယမြို့နယ်ပညာရေးမှူး ဆရာကြီး ဦးနိုင်ဝင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်တို့က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ကာ အခြေခံပညာအထက်တန်းကျောင်းခွဲမှ (Grade -10) ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့် အားကစား၊ လူငယ်နှင့်ကိုယ်ကျင့်တရား၊ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့် မူးယစ်ဆေး၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် တာဝန်ဝတ္တရား၊ လူငယ်နှင့် စာနာမှု ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက မိမိတို့သိရှိလိုသည့် အကြောင်းအရာများကို မေးမြန်းခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် လူငယ်ရေးရာအသိပညာပေး နံရံကပ်စာစောင်များကို တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစားလေ့လာကြည့်ရှုခဲ့ပြီး အဆိုပါစကားဝိုင်းသို့ အခြေခံပညာအထက်တန်းကျောင်းခွဲမှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၅၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

နောင်နောင်(မီးသန်းမြေ)

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သံဂဟေဆက်နည်းသင်တန်းဖွင့်

**တံတားဦး ဇန်နဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သံဂဟေဆက်နည်းသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းက တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းက သင်တန်းဖွင့် အမှာစကားပြောကြားပြီး တံတားဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုက ကျေးလက်နေပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ရန်အတွက် ယခုကဲ့သို့ အသက်မွေးဝမ်းကျောင်း သင်တန်းများဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး သင်တန်းသားများအနေဖြင့် သင်တန်းတွင် သင်ကြားမည့် သင်ခန်းစာများကို ကြိုးစား၍ လေ့လာသင်ယူစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းတက်ရောက်လာကြသော သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများပေးအပ်ခဲ့ပြီး သင်တန်းနည်းပြဆရာများက သင်ကြားမည့်ဘာသာရပ်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို တံတားဦးမြို့နယ်ရှိ ကျေးရွာများမှ သင်တန်းသား ၁၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် သံဂဟေဆက်နည်းပညာရပ်များကို သင်တန်းနည်းပြဆရာက ဇန်နဝါရီ ၁၄ရက်မှ ၂၈ ရက်အထိ ၁၅ ရက်စာတွေ့၊ လက်တွေ့ဖြင့် အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(ဝ၄ဝ)





# မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေထုတ်ချေး

**ပွင့်ဖြူ ဇန်နဝါရီ ၁၆**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ခုပ်ပင်ကျေးရွာအုပ်စု၊ သာစည်ကျေးရွာ၌ နဝမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဋ္ဌေးမောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သာစည်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၇ ဦးကို ငွေကျပ် ၃၀ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၅ ဦးကို ငွေကျပ် ၁၀ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၁၃ ဒသမ ၃သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၄ ဦးကို ငွေကျပ် ၁ ဒသမ ၃သန်း၊ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၆၈ ဦးကို နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၆ ဒသမ ၃ သန်းကို ထုတ်ချေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၄၅)

# နည်းပညာတက္ကသိုလ်ကြက်ခြေနီအသင်းခွဲ ဖွံ့ဖြိုးရေးနှင့် လူငယ်ကြက်ခြေနီများ အရည်အသွေးမြှင့်တင်ရေး ဆွေးနွေး

**မန္တလေး ဇန်နဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌဒေါက်တာသိန်းထွန်းဆောင်နှင့် ရုံးအဖွဲ့သည် ဇန်နဝါရီ ၁၅ ရက် မွန်းလွဲ ၂ နာရီက အောင်မြေသာစံမြို့နယ် မြို့ပတ်လမ်းရှိ မန္တလေးနည်းပညာတက္ကသိုလ် အစည်းအဝေးခန်းမတွင် မန္တလေးနည်းပညာတက္ကသိုလ် ကြက်ခြေနီအသင်းခွဲ လူငယ်ကြက်ခြေနီများကို တွေ့ဆုံ၍ တက္ကသိုလ်ကြက်ခြေနီအသင်းခွဲများ ဖွံ့ဖြိုးရေး၊ လူငယ်ကြက်ခြေနီများ အရည်အသွေးမြှင့်တင်ရေးလုပ်ငန်းများ ဆွေးနွေးခဲ့သည်။



တွေ့ဆုံပွဲသို့ မန္တလေးနည်းပညာတက္ကသိုလ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ကျောင်းသားရေးရာဌာနမှူး၊ အောင်မြေသာစံခရိုင် ကြက်ခြေနီတပ်ဖွဲ့မှူးနှင့်လူငယ်ကြက်ခြေနီများ တက်ရောက်ခဲ့ကြသည်။ ဆွေးနွေးပွဲအပြီးတွင် နည်းပညာတက္ကသိုလ် ကြက်ခြေနီအသင်းခွဲရုံးအတွက် ရှေးဦးပြုစုခြင်းဆေးအိတ်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ထုတ်ဝေသောစာအုပ်များ၊ ကြက်ခြေနီပိုစတာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(ဝ၄၅)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

## ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ




**တောင်ကြီး ဇန်နဝါရီ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်ရှိ ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)၏၂၀၂၄-၂၀၂၅ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် နံနက် ၈နာရီက အဆိုပါတက္ကသိုလ်၌ ကျင်းပသည်။

ရှေးဦးစွာ ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)မှ ကျောင်းသား၊ ကျောင်းသူများက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သီချင်း၊ မြကျွန်းညိုညိုသီချင်းတို့ဖြင့် ကြိုဆိုနှုတ်ခွန်းဆက်ဖျော်ဖြေကြသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ကြိုဆိုနှုတ်ခွန်းဆက်အမှာစကားပြောကြားရာမှာ ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)ကို ၂၀၀၀ပြည့်နှစ်၊ ဩဂုတ် ၁၅ ရက်တွင် အစိုးရကွန်ပျူတာကောလိပ်အဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်၊ စက်တင်ဘာ ၄ ရက်တွင် သင်တန်းများကို စတင်ဖွင့်လှစ် သင်ကြားခဲ့ပါကြောင်း၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက်တွင် တက္ကသိုလ်အဆင့်အဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့ရာ ယခုဆိုလျှင် သက်တမ်း ၂၄နှစ် ကျော်ခဲ့ပြီ ဖြစ်ပြီး မိမိဒေသနှင့်နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးလျက်ရှိရာ ကွန်ပျူတာသိပ္ပံဘွဲ့၊ ကွန်ပျူတာနည်းပညာဘွဲ့၊ ဘွဲ့လွန်ကွန်ပျူတာဒီပလိုမာဘွဲ့နှင့် မဟာဘွဲ့ရဦးရေ ၁၅၅၅ ဦးကို မွေးထုတ်ပေးခဲ့ပြီး ယခုလက်ရှိ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင်လည်း ပထမနှစ်သင်တန်းဝင်ခွင့်ရ မောင်မယ်သစ်လွင် ၁၅၀ ဦး အပါအဝင် သင်တန်းနှစ်အသီးသီးမှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၇၈၂ ဦး တက်ရောက်ပညာသင်ကြားနေသည့်အတွက်များစွာ ဂုဏ်ယူမိပါကြောင်း ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကွန်ပျူတာသိပ္ပံနှင့် ကွန်ပျူတာနည်းပညာဘွဲ့နှစ်အလိုက် ထူးချွန်ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ပြိုင်ပွဲအသီးသီးတို့မှ ဆုရကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

၎င်းနောက် ကျောင်းသား၊ ကျောင်းသူများက ရှမ်းတိုင်းရင်းသားရိုးရာ၊ ပအိုဝ်းတိုင်းရင်းသားရိုးရာအကတို့ဖြင့် ကပြဖျော်ဖြေသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်မှ ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)ရှိ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ သောက်သုံးရေ ဖူလုံစေရေးအတွက် ရေသန့်စက်လှူဒါန်းရာ ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာ ခင်စန္ဒာအောင်မှ လက်ခံရယူပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်မှ အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

အဆိုပါ မောင်မယ်သစ်လွင်ကြိုဆိုပွဲတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုအကများ၊ ရှမ်း၊ ပအိုဝ်း၊ အင်းသား၊ ဓနု၊ ကချင်၊ လားဟူ၊ တရုတ်စသည့် တိုင်းရင်းသားရိုးရာအကများ၊ တေးသရုပ်ဖော်များဖြင့် ပျော်ရွှင်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(၃၆၈)



## ပြည်သာယာရပ်ကွက် မျက်နှာကြီးစေတီတော်ရင်ပြင်တော်၌ (ဒသမ)အကြိမ်မြောက် စာရေးတံဆွမ်းသပိတ် ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

**မိတ္ထီလာ ဇန်နဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ မျက်နှာကြီးစေတီတော် ရင်ပြင်တော်၌ ရတနာဦးကျောင်းတိုက်ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓ၏ ဩဝါဒခံယူ ကျင်းပသော (ဒသမ)အကြိမ်မြောက် စာရေးတံဆွမ်းသပိတ်ဆက်ကပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၁၃ရက် နံနက် ၆ နာရီက ကျင်းပသည်။

အဆိုပါ ဆွမ်းသပိတ်ဆက်ကပ် လှူဒါန်းပွဲသို့ ကြွရောက်ကြသော သံဃာတော် ၂၀၆ ပါးတို့အား အရဏ်ဆွမ်းများကို ရတနာဦးကျောင်းတိုက်တွင် ဆက်ကပ်လှူဒါန်းခြင်း၊ ဆွမ်းသပိတ် လှူဒါန်းဆက်ကပ်ကြသည့် ဆွမ်းသပိတ်ကုသိုလ်ရှင်များအား မျက်နှာကြီးစေတီတော်ရင်ပြင်တော်တန်ဆောင်း၌ မုန့်ဟင်းခါး စတုဒိသာကျွေးမွေးလှူဒါန်းခြင်းများကို ဆွမ်းသပိတ်လှူဒါန်းဆက်ကပ်ပွဲဖြစ်မြောက်ရေး အကျိုးဆောင်ကော်မတီဝင်များနှင့် အလှူရှင် မိသားစုများက ပြုလုပ်ကြသည်။

အဆိုပါ ဆွမ်းသပိတ်ဆက်ကပ်လှူဒါန်းပွဲသို့ ကြွရောက်ကြသော ကျောင်းတိုက်ပေါင်း ၁၃ တိုက်မှ သံဃာတော် ၂၀၆ ပါးတို့အား ဆွမ်းသပိတ်ကုသိုလ်ရှင်များက ဆွမ်း၊ ဆွမ်းဟင်းနှင့် လှူဖွယ်ဝတ္ထုများ ပါဝင်သော ဆွမ်းသပိတ် ၂၀၆ လုံးတို့အား ဆက်ကပ်လှူဒါန်းခဲ့ကြပြီး ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓထံမှ ရေစက်ချအနုမောဒနာတရားတော်များကို နာယူခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၄၅၃)

## အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ပဉ္စမအကြိမ် အမျိုးသားအားကစားပြိုင်ပွဲဆုရသူများအား ဂုဏ်ပြု

**မန္တလေး ဇန်နဝါရီ ၁၆**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)မှ ပဉ္စမအကြိမ်အမျိုးသားအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သော သင်တန်းသား၊ သင်တန်းသူများနှင့် Volunteer ဆောင်ရွက်ခဲ့သော သင်တန်းသား၊ သင်တန်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၅ ရက်မွန်းလွဲ ၁ နာရီက စားရိပ်သာခန်းမတွင် ကျင်းပသည်။




အခမ်းအနားတွင် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး သင်တန်းမှူး၊ ဒုတိယသင်တန်းမှူးတို့အား ဆုချီးမြှင့်ခြင်း၊ ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်တွင် လိုက်ပါကြီးကြပ်သည့် အရာထမ်း၊ အမှုထမ်းများအား ဂုဏ်ပြုငွေ ချီးမြှင့်ခြင်း၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)မှ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ရွှေ ၇ ခု၊ ငွေ ၈ ခုနှင့်ကြေး ၁၇ ခုရရှိသူများအား ဂုဏ်ပြုငွေများ ချီးမြှင့်ပြီး ဂုဏ်ပြုအထူး နေ့လယ်စာကျွေးမွေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)မောင်ပြည်သူ

## ဥပဒေဆိုင်ရာ အသိပညာသင်တန်း ဖွင့်လှစ်

**တန့်ယန်း ဇန်နဝါရီ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းခရိုင်၊ တန့်ယန်းမြို့နယ်၌ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ခရိုင်ပညာရေးဌာနမှ ကြီးမှူး၍ ဥပဒေဆိုင်ရာ အသိပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၃ရက် နံနက် ၉ နာရီ က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် ခရိုင်ဥပဒေအရာရှိ ဦးစောကဲဒိုနှင့် ခရိုင်ပညာရေးမှူး ဦးကြည်လွင်တို့က ဥပဒေဆိုင်ရာ အသိပညာသင်တန်းဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းအား ၁၀ ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် အခြေခံပညာကျောင်းများမှ တာဝန်ရှိ ဆရာ၊ ဆရာမများ တက်ရောက်ကြကြောင်း ခရိုင်ပညာရေးဌာနမှ သိရသည်။



(အပေါ်ပုံ)မြို့နယ်(ပြန်/ဆက်)

## အမှတ်(၁၀)အ•ထ•က ကျောင်းစာကြည့်တိုက်သို့ သုတရသစာအုပ်များ လှူဒါန်း

**မန္တလေး ဇန်နဝါရီ ၁၆**

၁၃၈၆ခုနှစ်၊ စာဆိုတော်နေ့ အထိမ်းအမှတ်ကျောင်း စာကြည့်တိုက်များ ဖွံ့ဖြိုးရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေး ပံ့ပိုးမှုအစီအစဉ်အရ အောင်မြေသာစံမြို့နယ်၊ အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်းရှိ စာကြည့်တိုက်သို့ သုတရသစာအုပ်များ ပေးအပ် လှူဒါန်းပွဲကို ဇန်နဝါရီ ၁၅ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျောင်း စာကြည့်တိုက်တွင် ကျင်းပသည်။



အခမ်းအနားသို့ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဌေးကြွယ်၊ ဒုတိယဥက္ကဋ္ဌဦးမြင့်ဇော်၊ အလှူရှင်ကန်တော့ခံသက်ကြီးစာပေပညာရှင် ဒေါက်တာတင်လှိုင်(စာရေးဆရာဘိုးလှိုင်)၊ ဦးလှဘော်(မောင်လှဘော်-မအူပင်)နှင့်ဦးကံလှ(မောင်လူလှ-ဇေယျာဦး)နှင့်ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန္ဒာဝင်းနှင့်ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အလှူရှင်များမှ ၁၃၈၆ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ်ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးပံ့ပိုးကူညီမှုအဖြစ် ယဉ်ကျေးလိမ္မာနှင့်သုတရသစာအုပ်များ လှူဒါန်းရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းစာကြည့်တိုက်တာဝန်ခံထံ စာအုပ်များ လှူဒါန်းခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန္ဒာဝင်းက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

(အပေါ်ပုံ)
(ဝ၄၅)

## စာဖတ်ရှိန်မြှင့်တင်ရေး စာပေချစ်မြတ်နိုးသူများနှင့် စာဖတ်ဝိုင်း ကျင်းပ



**မိုင်းစံ ဇန်နဝါရီ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းစံမြို့ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ယမန်နေ့ မွန်းလွဲ ၃ နာရီခန့်က စာပေချစ်မြတ်နိုးသူများနှင့် စာဖတ်ဝိုင်း ဆောင်ရွက်ခဲ့သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့ဦးစီးမှူး ဒေါ်ဥမ္မာထွေးက ကျောင်းသားလူငယ်များအနေဖြင့် စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ အသိပညာ ဗဟုသုတများ တိုးပွားလာစေရန်၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဆွေးနွေးတတ်စေရန်၊ စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်လာစေရန် ရည်ရွယ်၍ စာဖတ်ဝိုင်းဆွေးနွေးပွဲများ ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့ဦးစီးမှူး ဦးဆောင်ပြီး စာရေးဆရာ မောင်အောင် ရေးသားထားသည့် "လကွယ်ည၏အလင်းရောင်" စာအုပ်မှ "လကွယ်ည၏အလင်းရောင်" ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးပြီး Grade-7 ကျောင်းသူလေးများဖြစ်ကြသော မနန်းဝေဝေသက်မှ "ရခဲလေသောဆု" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မယွန်းနန္ဒီမြင့်ဇင်မှ "ဝေဒနာနှင့်စေတနာ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မလှဲလှဲသင်းမှ "စာကြည့်တိုက်ဖွင့်ပွဲ" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများက အသိပညာဗဟုသုတများကို အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး မြို့ဦးစီးမှူးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မီးသတ်ဦးစီးဌာနမှ မီးဘေးလုံခြုံရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေး



**တောင်တွင်းကြီး ဇန်နဝါရီ ၁၆**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစောမောင်၏ လမ်းညွှန်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများသို့ ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် နေအိမ်များအတွင်း သွယ်တန်းထားသည့် ဝါယာကြိုးဟောင်းနွမ်းပေါက်ပြဲမှု ရှိ၊ မရှိ၊ ချက်ပြုတ်သည့်နေရာများတွင် အသုံးပြုသည့် မီးဖိုများအား ချက်ပြုတ်ပြီးပါက ငြိမ်းသတ်မှု ရှိ၊ မရှိ၊ လျှပ်စစ်ပစ္စည်းများအား သုံးစွဲပြီးပါက ခလုတ်များနှင့် မီးပလပ်များဖြုတ်ခြင်း ရှိ၊ မရှိ၊ မီးငြိမ်းသတ်ရေးအတွက် မီးသတ်ဆေးဘူးများ၊ မီးချိတ်၊ မီးကပ်များပြင်ဆင်ထားရှိမှု ရှိ၊ မရှိတို့ကို တာဝန်ရှိသူများက စစ်ဆေးခဲ့ကြသည်။

ထို့နောက် မီးလောင်ပါက မီးသတ်ဦးစီးဌာနသို့ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ၊ မီးလောင်မှုအမျိုးအစားအလိုက် မီးလောင်မှုမကြီးမားခင် ပြည်သူများကိုယ်တိုင် ငြိမ်းသတ်နိုင်သည့် နည်းစနစ်များနှင့် မီးဘေးအန္တရာယ်ကြုံတွေ့ချိန်တွင် အသက်အန္တရာယ်မထိခိုက်စေရေးအတွက် ဆောင်ရွက်ရမည့် အချက်အလက်များကိုလည်း ပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**နောင်နောင်(မိုးသနီးမြေ)**

## တိရစ္ဆာန်အစာများ ဧက ၁၉၄၅၇ စိုက်ပျိုးပြီးစီး

**မကွေး ဇန်နဝါရီ ၁၆**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးရာသီတွင် တိရစ္ဆာန်အစာများကို စိုက်ပျိုးလျက်ရှိရာ ကျွဲ၊ နွားစာပင် ဧက ၁၉၄၅၇ စိုက်ပျိုးပြီးစီးကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေနံချောင်းမြို့နယ်အတွင်းရှိ ကျွဲ၊ နွား မွေးမြူရေးအတွက် ကျွဲ၊ နွားစာပင် စိုက်ပျိုးခြင်းကနေ အထောက်အကူဖြစ်စေမည့်အပြင် တိရစ္ဆာန်အစာများ ဖူလုံစွာရရှိရန် ရည်ရွယ်ကြောင်း သိရသည်။

၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးရာသီတွင် မိုးရာသီ၌ ဧက ၁၆၃၅၃ လျာထားပြီး စိုက်ပျိုးရာတွင် ဧက ၁၈၂၇၂ စိုက်ပျိုးပြီးစီးပြီး ဧက ၁၈၂၇၂ ရိတ်သိမ်းခဲ့ကြောင်း၊ ကျွဲ၊ နွားစာပင်အထုံး စုစုပေါင်း ၂၆၀၇၄၁၄၄ ထွက်ရှိခဲ့သည့်အပြင် ဆောင်းရာသီ၌ ဧက ၁၁၇၅ လျာထားစိုက်ပျိုးခဲ့ရာ ဧက ၁၁၈၅ စိုက်ပျိုးပြီးဖြစ်ကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



**(အပေါ်ပုံ) (၄၇၂)**

## ဒေါ်လာဈေးကျဆင်းမှုကြောင့် ပဲနှမ်း ဈေးကွက်တစ်ခုလုံး ဈေးကျဆင်းနေ



ဒေါ်လာဈေးကျဆင်းမှုကြောင့် ပြည်တွင်းပဲ၊နှမ်းဈေးကွက်တစ်ခုလုံး ဈေးကျဆင်းနေကြောင်း ပဲ၊ နှမ်းကုန်သည်များထံက သိရသည်။

ဇန်နဝါရီလလယ်တွင် ပဲ၊ နှမ်းဈေးကွက်အတွင်း ပဲသစ်များ စတင်ဝင်ရောက်လာကြောင်း ပဲစင်းငုံအသစ်များ ပမာဏများများ ဝင်ရောက်လာသော်လည်း သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀၀ သာ ပေါက်ဈေးရှိနေကြောင်း၊ မြေပဲလုံးဆန်များ ဈေးကောင်းသော်လည်း မြေပဲဆီဆန်များ ဆီစက်ပိုင်များ အဝယ်အေးနေကြောင်း၊ ကျွန်းစားတော်ပဲသစ်များ ဈေးကောင်းရရှိလာကြောင်း ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ) ပိုင်ရှင်က ပြောသည်။

"ပဲ၊ နှမ်း ဈေးကွက်မှာ အသစ်ဝင်ရောက်တဲ့ ပဲသစ်တွေရှိလာပေမယ့် ဈေးကွက်တစ်ခုလုံးကဈေးတွေကျဆင်းနေပါတယ်။ ဒေါ်လာဈေး အတက်အကျ ရှိနေတော့ ပို့ကုန်ပဲတွေ အကုန်လုံး ဈေးကျဆင်းနေပါတယ်။ မြေပဲလုံးဆန်လောက်သာ ဈေးကောင်းနေပေမယ့် ဆီဆန်တွေအကုန်ဈေးအေးပါတယ်။ ကျွန်းစားတော်ပဲသစ်တွေ ဈေးကွက်ထဲ စတင်ဝင်ရောက်လာတာ တစ်အိတ် ငွေကျပ် ၄၈၀၀၀၀ ပေါက်ဈေးရှိနေတယ်"ဟု ၎င်းက ပြောသည်။

ဇန်နဝါရီ ၁၆ ရက်တွင် ပို့ကုန်မတ်ပဲ(အသစ်)တစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀၊ ပဲစင်းငုံမှာ ပဲနှမ်းဈေးကွက်အတွင်း စတင်ဝင်ရောက်လာရာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀၀ ခန့် (နယ်ဈေး) ပေါက်ဈေးရှိနေသည်။ ပဲတီစိမ်း(အညာ)တစ်အိတ်လျှင် ငွေကျပ် ၂၉၅၀၀၀ ပေါက်ဈေး ရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဈေးကျဆင်းနေရာ ဇန်နဝါရီ ၁၆ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀၊ ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀၊ 929 ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

အသစ်ဝင် ပဲမာလိုင်းများမှာ ပဲလွန်းဖြူ၊ ပဲလွန်းပြာ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀၀၊ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၃၉၀၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၄၈၀၀၀၀၊ မြေပဲလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၉၀၀ ပေါက်ဈေးရှိနေသည်။

နှမ်းမျိုးစုံမှာ အနည်းငယ် ဈေးကျဆင်းနေရာ ဇန်နဝါရီ ၁၆ ရက်တွင် နှမ်းနက်(စမုန်) ၄၅ ပိဿာ တစ်အိတ်လျှင်ငွေကျပ် ၆၅၀၀၀၀၊ အက်စစ်လွတ်တစ်အိတ်လျှင် ငွေကျပ် ၆၈၀၀၀၀၊ နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၄၀၀၀၀၀၊ နှမ်းဖြူ(ဗမာသစ်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၃၆၀၀၀၀၊ နှမ်းညို ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၃၀၅၀၀၀ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။**ရွှေမန်း**

**သန့်ရှင်းသာယာ**
**မန္တလာ**
**ပိုင်းဝန်း**
**ထိန်းသိမ်းပါ။**

## ဆောင်းကုလားပဲ စိုက်ပျိုးသော တောင်သူများ ဈေးကောင်းရနေ

**မန္တလေး ဇန်နဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် စပါး၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ငရုတ်၊ စသည့်သီးနှံမျိုးစုံ စိုက်ပျိုးမှုများအနက် ကုလားပဲ(ဆောင်း)ကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ကျောက်ဆည်မြို့နယ်တွင် ၃၀၀၉၈ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၉၅၁၇ ဧက၊ မြစ်သားမြို့နယ်တွင် ၂၁၃၆၀ ဧက၊ စုစုပေါင်း ၆၀၉၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခရိုင်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ကုလားပဲ(ဆောင်း)ကို အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် အများဆုံးစိုက်ပျိုးကြပါသည်။ ဆောင်းကုလားပဲကို ယာမြေများတွင် အောက်တိုဘာလ နောက်ဆုံးပတ်တွင် မိုးရေအစိုဓာတ်တွင် စိုက်ပျိုးကြသလို အချို့တောင်သူများမှာ စပါးရိတ်သိမ်းပြီး သီးထပ်အဖြစ် စိုက်ပျိုးခြင်းဖြစ်သည်။ **(အောက်ပုံ)**




ကုလားပဲကို မျိုးအနေဖြင့် (V2) မျိုးနှင့် ရိုးရိုးကုလားပဲလုံးသေးမျိုး ဟူ၍ နှစ်မျိုးရှိပြီး (V2) မျိုးကိုသာ အများဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် တစ်ဧကလျှင် မျိုးစေ့တစ်တင်း တစ်တင်းခွဲနှုန်းခန့် ပက်ကြဲရကြောင်း၊ တောင်သူများသည် ကုလားပဲမျိုးကို မိမိအိမ်တွင် သေချာစွာ သိမ်းဆည်းထားပြီး မျိုးအဖြစ် အသုံးပြုသလို အချို့တောင်သူများသည် ပွဲရုံများမှ ဝယ်ယူ၍ စိုက်ပျိုးကြကြောင်း၊ တစ်ဧကကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်း ငွေကျပ် ၃၀၀၀၀၀ ဝန်းကျင်ခန့် ကုန်ကျသည်။

ယခင်နှစ် ကုလားပဲအထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၉-၁၀ တင်းခန့် ထွက်ရှိကြောင်း တစ်ဧက အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၅၀၀၀၀၀ ခန့် အကျိုးအမြတ်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**



## စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ

**ဥတ္တရသီရိ ဇန်နဝါရီ ၁၆**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရွှေနံ့သာရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်များ အသိပညာဗဟုသုတ တိုးပွားစေရန်နှင့် ဗလငါးတန်ပြည့်စုံ၍ ဘက်စုံထူးချွန်ထက်မြက်သော အနာဂတ်လူငယ် လူရွယ်များ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ယမန်နေ့ နံနက်ပိုင်းတွင် အဆိုပါ ကျောင်းဝန်းအတွင်း ကျင်းပသည်။

ရှေးဦးစွာ ရွှေနံ့သာရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းကို သီဆိုဖျော်ဖြေ၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့ကြသည်။

ထို့နောက် နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတိုင်းဦးစီးမှူး ဒေါ်သင်းသင်းဇင်က အမှာစကားပြောကြားသည်။ ဗလငါးတန်ပြည့်စုံပြီး အသိပညာ ဗဟုသုတတိုးပွားစေရန်၊ စကားပြောအတတ်ပညာများ ကျွမ်းကျင်တတ်မြောက်ပြီး လူအများရှေ့တွင် ဥတ္တရသီရိမြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ဝင်(၂) ဦးမျိုးချစ်က အမှာစကားပြောကြားရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေးနှင့် ဗလငါးတန်ပြည့်စုံသော လူငယ်များ ဖြစ်စေရန် လူငယ်ကဏ္ဍမြှင့်တင်နိုင်စေရန် ပြောကြားခဲ့သည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်အိအိခိုင်က ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် လူငယ်စကားဝိုင်း ကျင်းပခဲ့ရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းနွယ်နှင့်အတူ Grade-6 မှ မမေစွမ်းထက်က လူငယ်နှင့်စာပေ၊ Grade-7 မှ မဆောင်းကဗျာက လူငယ်နှင့်ယဉ်ကျေးမှု၊ Grade-7 မှ မောင်ယူရီက လူငယ်နှင့်ကျန်းမာရေး၊ Grade-8 မှ မအိဟေမာန်အောင်က လူငယ်နှင့်ကိုယ်ကျင့်တရား၊ Grade-9 မှ မမှူးမြတ်သွယ်က လူငယ်နှင့် နည်းပညာစသည့် ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးပြောကြားခဲ့သည်။ အခမ်းအနားသို့ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးမှုများနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းခဲ့ရာ လူငယ်စကားဝိုင်းတွင် ဆွေးနွေးပြောကြားပေးသော ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဖြေကြားပေးခဲ့ကြသည်။

အခမ်းအနားအပြီးတွင် စာဖတ်ရှိန်မြှင့်တင်ရေး နံရံကပ်ပြဘုတ်များပြသခြင်းနှင့် သုတရသစာအုပ်၊ စာစောင်များ ပြသခြင်းကို ဆောင်ရွက်ခဲ့ရာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## မိဘမေတ္တာ

* သူတို့အတွက်
အခက်မျိုးစုံ
ကြုံဆုံခဲ့ရ ။
* သူတို့အတွက်
ချွေးစက်တွေခင်း
နင်းခဲ့ကြရ ။
* သူတို့အတွက်
သွေးစက်ယိုဆင်း
ရင်းခဲ့ကြရ ။
* သူတို့အတွက်
အသက်နင်းအပ်
ပေးဆပ်ခဲ့ကြရ ။
* ဒါဟာ
သားသမီးတို့ အပေါ်မှာ
ထားရှိခဲ့ကြတဲ့
အတုမရှိ
မုန်ရှင်နဲ့ နှိုင်း
တစ်ဂိုဏ်းထဲ ပြထားတဲ့
မိဘတိုင်းရဲ့ စေတနာ
မိဘတိုင်းရဲ့ မေတ္တာ
မိဘတိုင်းရဲ့ အကြင်နာ
မိဘတိုင်း ရင်ထဲက
ထာဝရသစ္စာ
ပရမတ္တတရားပါ ။ ။

**ချမ်းမြေ့မိုး(မန္တလေး)**



## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဟောပြော

**မိုင်းဖြတ် ဇန်နဝါရီ ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးစီးအရာရှိ ဒေါ်အေးဝင်းခိုင်က အသိပညာပေး ဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များ၊ ကလေးအလုပ်သမား၏ အဓိပ္ပာယ်၊ ယနေ့ခေတ်တွင် အကြောင်းအမျိုးမျိုးကြောင့် ကလေးသူငယ်များ အလုပ်ခိုင်းစေခြင်းခံရသည့် ဥပမာများနှင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အသက်အရွယ်မပြည့်သေးသည့်ကာလတွင် အလုပ်ခိုင်းစေခြင်းမခံရအောင် လိုက်နာရမည့်အချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများက သိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးခဲ့ရာ ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသ၊ စာအုပ်၊ စာစောင်များ၊ နံရံကပ်စာစောင်များကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## မြင်းမိုရ်ထက်မြင့်သော အမေကဗျာစာအုပ် ထွက်ရှိ

**မန္တလေး ဇန်နဝါရီ ၁၆**

ဆရာရွှေမင်းသား(စစ်ကိုင်း) စီစဉ်ပြီး စစ်ကိုင်းစာပေရောင်းရင်းများ စုပေါင်းရေးဖွဲ့သီကုံး၍ (၂၅) ကြိမ်မြောက် (ငွေရတု)အမေနေ့ အထိမ်းအမှတ်အဖြစ် 'မြင်းမိုရ်ထက်မြင့်သော အမေ' ကဗျာစာအုပ် လင်းသန့်စာပေမှ ထွက်ရှိလာသည်။ **(ယာပုံ)**



ငွေရည်သွန်းတဲ့ ညွန်းဖွဲ့စာ အမှာစာနှင့်အတူ ကဗျာပုဒ်ရေ ၁၅၀ ပါရှိပြီး အမေ့မေတ္တာဖွဲ့ ကဗျာများ ဖြစ်သည်။ မန္တလေး၊ စစ်ကိုင်း၊ အင်းဝ၊ တံတားဦး၊ အမရပူရ၊ ပြင်ဦးလွင်၊ ပုသိမ်ကြီး၊ ရွှေဘို၊ သီပေါ၊ ကျောက်မဲ အစရှိသည့် အနယ်နယ်အရပ်ရပ်မှ ကဗျာဆရာများ စုပေါင်းရေးဖွဲ့ထားသည်။

စစ်ကိုင်းစာပေရောင်းရင်းများသည် နှစ်စဉ်ပြာသိုလပြည့် အမေနေ့ ရောက်တိုင်း အမေနေ့ အခမ်းအနားနှင့် ကဗျာစာအုပ်များ နှစ်စဉ်ပုံမှန်ထုတ်ဝေလျက်ရှိရာ ယခုစာအုပ်မှာ ၂၃ အုပ်မြောက် ဖြစ်သည်။ ယခင် ထုတ်ဝေပြီး စာအုပ်များမှာ အမေ့ကဗျာ အမေ့စာအမှတ်(၁)၊ အမှတ်(၂)၊ ဝါးဖက်တော်အလွမ်း၊ ပန်းသည်အမေ၊ စုန်ရေလမ်းမှ ကမ်းလွန်လှိုင်း၊ မြင်းမိုရ်ထိပ်က အိပ်မက်၊ လိပ်ပြာနှီးပွဲ၊ အိမ်လွမ်းငှက်တို့ရဲ့ တောင်ပံခတ်သံ၊ သင်းကွဲနှင်းမှုန်တို့ ကခုန်တဲ့ပွဲတော်၊ ခုနစ်စဉ်အိပ်မက်၊ အလွမ်းဖြင့် စီရင်အပ်သော နှင်းဆွတ်လရောင်၊ ဧရာဝတီအိပ်မက်၊ အမေခေါ်သံ၊ တောင်ပံတစ်ခုနဲ့ လေဟုန်စီးသူ၊ ပန်းသီကြိုး၊ ရင်ထဲကဆောင်း၊ ကြေကွဲကောင်းကင်၊ ဆောင်းတစ်ည လတစ်စင်း နှင်းတစ်ပွင့်၊ ခွာညိုလမ်းက အလွမ်းစာ၊ ပန်းကကြိုးနှင့် တေးပဥ္စင်၊ တူနိုင်းမမီ အမေ့ဂုဏ်ရည်၊ မြင်းမိုရ်ထက်မြင့်သော အမေစာအုပ်တို့ဖြစ်ကြောင်း သိရသည်။ (PNT)

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်၊ စာပေ လေ့လာစို့ ။



## သတင်းပဒေသာ

### စာအုပ်၊ စာစောင်များ နယ်လှည့်ကွင်းဆင်း ငှားရမ်းပေး

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ လဲချားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား လူငယ်များ ဗဟုသုတရရှိစေရန်၊ အားလပ်ချိန်များကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ စဉ်းစားတွေးခေါ်မှုဉာဏ်များ ရင့်သန်လာစေရန်၊ အမှားနှင့်အမှန် ဝေဖန်ပိုင်းခြားတတ်စေရန်နှင့် စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် စာကြည့်တိုက်သို့ မလာရောက်နိုင်သော စာပေချစ်မြတ်နိုးသူများအတွက် ရည်ရွယ်၍ ယမန်နေ့ နံနက် ၁၀ နာရီက Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ နယ်လှည့်ကွင်းဆင်း ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း သိကောင်းစရာ အသိပညာပေး

စစ်ကိုင်းတိုင်းဒေသကြီး၊ကသာခရိုင်၊ ကသာမြို့တွင် "အမျိုးသမီးများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး" အကြောင်း သိကောင်းစရာ အသိပညာပေး ဟောပြောပွဲကို ဆရာ၊ ဆရာမများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန်အတွက် ရည်ရွယ်၍ ယမန်နေ့ မွန်းလွဲပိုင်းက အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ယာယီခန်းမ၌ ပြုလုပ်ဆောင်ရွက်ခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်မိုးမိုးငြိမ်းက "အမျိုးသမီးများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး" ဆိုင်ရာနှင့်ပတ်သက်၍ အရွယ်သုံးပါးမိန်းမသား၊ ပတ်ဝန်းကျင်ဆိုင်ရာများ ညစ်ညမ်းမှုများ၊အမျိုးသမီးများရင်ဆိုင်ရသည့် ပတ်ဝန်းကျင်ဆိုင်ရာ ညစ်ညမ်းမှုများနှင့် ပြဿနာများ၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၁၂)ချက်၊ အမျိုးသမီးများ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအပေါ် ဆောင်ရွက်နိုင်မှုများစသည့် အကြောင်းအရာများကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ပုံပြင်ပြောပြိုင်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက်စေရန်နှင့် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်ရည်ရွယ်၍ ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီခွဲက အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ပုံပြင်ပြောပြိုင်ပွဲ ကျင်းပရာ ပြန်/ဆက်ဝန်ထမ်းများက ပြိုင်ပွဲဝင်ကလေးများအား ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ပုံပြင်ပြောပြိုင်ပွဲကျင်းပရာ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၀ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် မီးသရုပ်ပြလေ့ကျင့်ခြင်းလုပ်ငန်းများဆောင်ရွက်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊စေတုတ္တရာမြို့နယ်တွင် မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် မီးသရုပ်ပြလေ့ကျင့်ခြင်းလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာဈေးတွင် ယမန်နေ့ မွန်းလွဲပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် မီးသရုပ်ပြလေ့ကျင့်ခြင်းလုပ်ငန်းများအား ကွင်းဆင်းဆောင်ရွက်ရာတွင် မီးသတိပြုခြင်းဆိုင်ရာလုပ်ငန်းစဉ်များ အသိပညာပေးခြင်း၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများနှင့်ပတ်သက်သော သတိပြုဖွယ်ရာများနှင့် မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက် ဓာတ်တိုက်လေ့ကျင့်မှုလုပ်ငန်းများကို မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ပြန်/ဆက်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ဈေးကော်မတီအဖွဲ့များ၊ ဈေးသူ၊ ဈေးသားများဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




## ရာသက်ပန် ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး ဇန်နဝါရီ ၁၆**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ခြင်း ကျင်းပသည်။

ရှေးဦးစွာ အလှူရှင်ဖြစ်သော ဒေါ်မြရွှေ မိသားစုက နှစ်ဖက်မိဘများနှင့် ခင်ပွန်း ဦးဖုန်းမြင့်တို့အား ရည်စူး၍ ကျောင်းအုပ်ဆရာတော်အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသား၊ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်သည်။

ထို့နောက် ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝ (ဓမ္မာစရိယ၊ B.A) ဟောကြားချီးမြှင့်သော ရေစက်ချအနုမောဒနာတရားနာယူ၍ ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် ၂၅ သိန်း၊ ဖြည့်စွက်လှူဒါန်းငွေကျပ် ၅ သိန်း၊ စုစုပေါင်း ငွေကျပ် သိန်း ၃၀ကို လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) (ဝ၃၆)**

## ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာဌာန(မန္တလေး)သို့ ငွေများ လှူဒါန်း၊ တစ်နေ့စာကျွေးမွေး

**မန္တလေး ဇန်နဝါရီ ၁၆**

ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်လမ်းရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာဌာန(မန္တလေး)သို့ ဇန်နဝါရီ ၁၂ ရက်က မန္တလေးတိုင်းဒေသကြီး အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းမှ သွေးကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အူမကြီးကင်ဆာ၊ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာဖြင့် ဆေးကုသမှု ခံယူနေရသော လူနာ ၃၅ ဦး၊ လူနာစောင့် ၃၅ ဦးတို့အား နေ့လယ်စာထမင်းဟင်းတို့ ကျွေးမွေးလှူဒါန်းပြီး ဆေးပဒေသာပင်အတွက် ငွေကျပ် နှစ်သိန်း၊ဝေဒနာရှင်တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ စီနှင့် လိမ္မော်သီးများကိုလည်းကောင်း၊ မန္တလေးမြို့ရှိ ဂေါ်ရခါးအသင်းက ဆေးပဒေသာပင်ငွေကျပ် နှစ်သိန်းကိုလည်းကောင်း၊ မန္တလေးမြို့နေ ဒေါက်တာညီထွေးလွင်နှင့် သူငယ်ချင်းများအဖွဲ့က အာဟာရကျွေးမွေးရန် ငွေကျပ် ၃၅၀၀၀၀ နှင့် လူနာများအတွက် တဘက်၊ သွားတိုက်ဆေး၊ သွားတိုက်တံနှင့် ဆပ်ပြာရည်ဘူးများကို လာရောက်လှူဒါန်းရာ ဦးလှထွန်း ကင်ဆာဖောင်ဒေးရှင်း အုပ်ချုပ်ရေးမှူး ဒေါ်ခင်အေးမြင့်နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။ ကင်ဆာဖောင်ဒေးရှင်းသို့ လှူဒါန်းလိုပါက ဖုန်း ၀၉-၄၄၁၀၄၀၆၄၉ နှင့် ဖုန်း ၀၉-၄၂၄၉၆၆၈၁၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(၀၄၅)**

## ကထိန်လှူဖွယ်ပစ္စည်းများ ပေးပို့လှူဒါန်း

**မန္တလေး ဇန်နဝါရီ ၁၆**

မန္တလေး၊ တောင်စလင်းတိုက်သစ် ဘာဝနာဌာန ပဓာနနာယက ဆရာတော် ဘဒ္ဒန္တတိက္ခ (အဘိဓဇမဟာရဋ္ဌဂုရု)ဦးဆောင်သည့် (၁၇)ကြိမ်မြောက် ကထိန်ဖြစ်မြောက်ရေးအဖွဲ့သည် ကထိန်လှူဖွယ်ပစ္စည်းအစုစုတို့အား ဒေသအလိုက် စာရင်းဝင်ကျောင်းတို့အား လှူဒါန်းပေးလှူလျက်ရှိရာ အချို့ဝေးလံဒေသတို့အား တန်ဖိုးသင့် လှူဖွယ်အချို့ ကထိန်အိတ်အစား KPay ဖြင့် ဝတ္ထုငွေအဖြစ် ငွေကျပ် တစ်သိန်းတစ်သောင်း ပေးလှူသည်။ ယမန်နေ့က ဗုဒ္ဓဘာသာပြန့်ပွားရေးအသင်းရုံးသို့ ကြွရောက်လာသည့် ဇန်းမော်မြို့ ပညာတံခွန်ပညာရေးပရဟိတကျောင်းဆရာတော် ဘဒ္ဒန္တသုဇာတအား ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းရုံး(မန္တလေး) ဥက္ကဋ္ဌ ဦးလှဝင်းက ကထိန်လှူဖွယ်တစ်အိတ်အား ပေးအပ်လှူဒါန်းသည်။

အလားတူ လှူဖွယ်ပစ္စည်းမပေးပို့နိုင်သည့် စစ်ကိုင်းတိုင်း လေရှီးမြို့နယ်ရှိ ဘဒ္ဒန္တသုဇာသနနှင့် ဘဒ္ဒန္တဥတ္တမကျောင်း၊ကုံကိုင်လုံရွာသစ်ကျောင်း၊ဆုံကင်းကျောင်း၊ ကူကီးစံပြကျောင်း၊အောင်မင်္ဂလာကျောင်း၊ပန်ဆပ်ကျောင်း၊ပွန်သရက်ကျောင်း၊ ဆွမူရာကျောင်း၊ နမီးယူပီရွာမကျောင်း၊ကုံကိုင်လုံရွာမကျောင်း၊ နမီးယူပီစံပြကျောင်း၊ ရန်နွေကျောင်း(၁)၊ရန်နွေကျောင်း(၂)၊လှလိုင်ရွာကျောင်း၊ယောပါးမိုကျောင်း၊ မယလုံကျောင်း၊ ရှိန်းကထိန်ကျောင်း၊ ၂၁ မိုင်ကျောင်း၊ ကူကီရွာမကျောင်း၊လေရှီးလေယုံကျောင်း၊ ကျစကာကျောင်း၊ ထပိုင်းကျောင်း၊ မိုးပိုင်လွတ်(ခွဲတစ်)ကျောင်း၊ မိုးပိုင်လွတ်(ခွဲနှစ်)ကျောင်း စုစုပေါင်း ၂၄ ကျောင်းတို့အား အသီးသီးပေးလှူပြီးဖြစ်ကြောင်း တာဝန်ရှိသူထံမှ သိရသည်။

**(အောက်ပုံ)**

**(ကဆ)**



> မျက်စိလျူကြ မျက်ကြည်ရ၊ မြတ်သည့်လှူဒါန။

## (၁၃၅)အကြိမ်မြောက် ဆွမ်းဆန်စိမ်း လောင်းလှူပွဲ ကျင်းပ

**သရက် ဇန်နဝါရီ ၁၆**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်လုံးဆိုင်ရာ သတ္တဌာနဘုရားကြီး၏ (၁၃၅)အကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက သတ္တဌာနဘုရားကြီးဝင်းတွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မြို့ပေါ်ရှိ ကျောင်းတိုက် အသီးသီးမှ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့အနွယ်ဝင်သီလရှင် စုစုပေါင်းအပါး ၁၄၀ အား ဆွမ်းဆန်စိမ်းလောင်းလှူရာ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ အလှူရှင်မိသားစုများက သတ်မှတ်ထားသည့်လောင်းလှူမည့်နေရာများမှ ကြွရောက်လာသည့် ဆရာတော်၊ သံဃာတော်နှင့် သာသနာ့အနွယ်ဝင်သီရှင်များအား ဆွမ်းဆန်တော်နှင့် ဝတ္ထုအလှူငွေများ လောင်းလှူပေးခဲ့ကြပြီး ဆရာတော်၊သံဃာတော်များအား စာရေးတံမဲများဖောက်၍ မဲကျလှူဖွယ်များကို လှူဒါန်းပေးခဲ့ကြောင်း သိရသည်။



**(ဝဲပုံ)**

**ဇော်ထက်(သရက်)**

# မြူမှုန်ဖွေးလွှ အေးမြနှင်းစို လပြာသို

မိုးထက်ကို(အမရပူရ)

ရှေးပုဂံခေတ်က ပြာသိုလဝေါဟာရကို တစ်ပါးသောလများထက် လွန်ကဲကာ ထူးခြားစွာ ချမ်းအေးသောလဟု အဓိပ္ပာယ်ဖွင့်ဆိုကြ၏။ မြန်မာတိုင်းရင်းသားမျိုးနွယ်စုများဖြစ်ကြသော ကချင်၊ ကရင်၊ ချင်း၊ မွန်၊ ရှမ်းတို့၏ အသံထွက်အရ 'ပြာ'၏ အဓိပ္ပာယ်မှာ ထွန်းလင်းတောက်ပလောင်ကျွမ်းသော သဘောများကို ဆောင်ကြောင်း အကိုးအကားသာဓကများပြပြီး ကောက်ချက်ချရာတွင် 'ပြာ'မှာ ပျားဖယောင်း၊ ဖယောင်းကိုဆိုလိုကြောင်း ဖော်ပြ၏။

'သို'မှာလည်း ထို့အတူ တိဗက်၊ တရုတ်၊ မြန်မာ၊ လာအို၊ ထိုင်းနိုင်ငံများ၏ ဝေါဟာရဇာစ်မြစ်အရ အဆီဟောပုဒ်ဖြစ်ကြောင်း မြန်မာတိုင်းရင်းသားများဖြစ်ကြသော ကချင်၊ ကရင်၊ ချင်း၊ မွန်၊ ရှမ်းစသည့် မျိုးနွယ်စုများတွင် အဆီဟောပုဒ်ကို 'သို'ဟု ခေါ်ဆိုကြောင်းများကို ဖော်ပြထားသည်။


'ပုဏ္ဏမာ ဖုသျှငယ် ယုန်စန္ဒာနှင့် မှုန်ပြာပြာ ဝဋ္ဋာတွင်းမှာလ ငွေပုစွန်တာရာလင်းတယ် နှင်းမြူပိတ်ဖုံး'ဆိုသည့် 'ပြာသိုလ'ကား ဆောင်းဥတုအလယ်နှင့် ထူပြောကာ အအေးဓာတ်လွန်ကဲသော လဖြစ်၏။

စာဆိုတော်မယ်ခွေက 'မီးပူပူ ကင်မဝသည့်လ ပြာသိုဆောင်းတည်ပေါင်းမှ ထောင်ရာခြုံလေ အေးလေ ကြက်သီးတွေနှင့်'ဟု ပြာသိုလ၏ အအေးလွန်ကဲချမ်းအေးပုံကို ရေးဖွဲ့စပ်ဆိုခဲ့လေသည်။ မဟာအတုလ မင်းကြီးကလည်း 'တိမ်ခြေငယ် ရှင်းပါလို့ မြူနှင်းငယ်စိုစို လပြာသိုမှာ နွယ်ခွာညိုမြိုင်မြိုင်နှင့် လှိုင်လှိုင်သင်းတဲ့ လကိုလေး'ဟု ရေးဖွဲ့စပ်ဆိုခဲ့ပါသည်။

ပြာသိုလ၏ ထူးခြားသော ဘာသာရေးပွဲမှာ 'ရှင်တစ်ထောင်အခါတော်နေ့'ဖြစ်ပါသည်။ ဗုဒ္ဓဘုရားရှင်လက်ထက် ရသေ့ညီနောင် ရှင်တစ်ထောင်တို့သည် သူတို့၏ ရေငုပ်၊ မီးလှုံ၊ တုံးခုန်၊ ဇယ်ခတ် စသည့် အယူလွဲမိစ္ဆာဝါဒများ စွန့်လွှတ်၍ ဗုဒ္ဓ၏ မဇ္ဈိမပဋိပဒါလမ်းစဉ်(ဝါ)ဗုဒ္ဓသာသနာအတွင်းသို့ ကူးပြောင်းရောက်ရှိလာကြသည်။ ထို့သို့အကြောင်းပြု၍ ပြာသိုလပြည့်နေ့တွင် ဘုရားရှင်ကို ရည်စူး၍ ဆီးမီးတစ်ထောင်၊ ပန်းတစ်ထောင်၊ ဆွမ်းတော်တစ်ထောင်၊ ရေတော်ခွက်တစ်ထောင်၊ သစ်သီးတစ်ထောင်တို့ကို ပူဇော်ကြလေသည်။ ဤပူဇော်ပွဲအကြောင်းကို ရှေးဟောင်းစာပေကျမ်းဂန်များမှ လေ့လာမှတ်သားသိရှိရပါသည်။

မည်သို့ပင်ဖြစ်စေ ဗုဒ္ဓဘာသာယဉ်ကျေးမှုအရ ကောင်းမြတ်သော ကုသိုလ်ကောင်းမှုတစ်ခုဖြစ်ပါသည်။ နောင်အနာဂတ်လူငယ်များအတွက် စုပေါင်းကုသိုလ်ပြုမှု၊ ပေါင်းသင်းဆက်ဆံရေးကျယ်ပြန့်မှုများကို ဖြစ်စေသောအကြောင်းအရာ အချက်အလက်များဖြစ်ပါသည်။





အေးမြသာယာသော ပြာသိုလတွင် ကိုယ်လက်လှုပ်ရှားရသော မြင်းခင်းသဘင်ကို ရှေးအစဉ်အလာ အစဉ်အဆက်လုပ်ဆောင်ချက်များကလည်း မြန်မာ့သဘာဝနှင့်ကိုက်ညီသည့်ပွဲဟု ဆိုရပါမည်။ ရှေးမြန်မာဘုရင်မင်းများသည် မြင်းခင်းသဘင်ကို ပျော်ပွဲ၊ ရွှင်ပွဲမျိုးလုပ်ခြင်းမဟုတ်ဘဲ တိုင်းပြည်ကာကွယ်ရေးကို ရှေးရှု၍ ကျင်းပခဲ့ကြသည်ဟု ဆိုခဲ့ကြပါသည်။ လူစွမ်းကောင်းများ ပေါ်ထွက်ရေး၊ သက်လုံကောင်းရေးတို့သည် ဤမြင်းခင်းသဘင်ပွဲများမှ များစွာအထောက်အကူပြုပေသည်။ မြန်မာ့သမိုင်းဖြစ်စဉ်တွင် တိုင်းတစ်ပါးတို့နှင့် စစ်ရေးဖြစ်ခဲ့ကြတိုင်း အောင်မြင်ခဲ့သည်မှာ ဤအကြောင်းအရာနှင့် ဆက်စပ်နေသည်ဟု ဆိုနိုင်ပါသည်။

ဗုဒ္ဓဘာသာဝင်မြန်မာတို့သည် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ၊ အနန္တော အနန္တ ငါးပါးကို ဦးထိပ်ထားကြပါသည်။ ထိုအနန္တော အနန္တငါးပါးထဲတွင် မာတာပီတုဂုဏော အနန္တောဆိုသည့်အတိုင်း မိဘတို့၏ ဂုဏ်ကျေးဇူးကို အထူးသိတတ်ကာ အောက်မေ့သတိပြုနှလုံးမူကြရပါမည်။ ထိုသို့သော ဗုဒ္ဓဘာသာ ဘာသာရေးအကြောင်းအရာများသာမက နိုင်ငံကျော် စာရေးဆရာ ဒါရိုက်တာ ဆရာကြီး ဦးသုခ၏ ကြိုးပမ်းအားထုတ်မှုကြောင့် 'အမေများနေ့' အဖြစ် ဖြစ်ပေါ်လာခဲ့၏။ 'ပြာသိုလပြည့်နေ့ဟာ နေ့လွတ်လည်းဖြစ်တယ်။ ရာသီဥတုအေးမြတယ်။ သာယာတယ်။ ကြည်လင်တယ်။ ဒါတွေက မိခင်ရဲ့ မေတ္တာစေတနာကို တင်စားဖို့အကောင်းဆုံးလို့ ယူဆပါတယ်'ဟူ၍ အမေနေ့ ဖန်ဆင်းရှင်နိုင်ငံကျော် စာရေးဆရာ ဒါရိုက်တာ ဆရာကြီး ဦးသုခက ဟောပြောခဲ့ဖူးပါသည်။

ပြာသိုလပြည့် အမေနေ့သည် မြန်မာနိုင်ငံအနှယ်နှယ်အရပ်ရပ်မှာ ပြာသိုလပြည့်နေ့တိုင်း အမေ့ကျေးဇူးဆပ်ပွဲများ အမေ့ခြေရာခံယူပွဲများ၊ အမေ့မေတ္တာ ဟောပြောပွဲများ၊ ကဗျာရွတ်ဆိုပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပနေကြပါသည်။ ပြာသိုလပြည့် အမေနေ့ကိုလည်း နေ့တစ်ရက် သီးသန့်သတ်မှတ်ခွင့်ရနိုင်ဖို့ အကြီးအကျယ်ကြိုးစားခဲ့ပါသည်။

ပထမဦးဆုံး မန္တလေးမြို့ သကျသီဟ ဗိမာန်တော်ကြီးမှာ ဆရာကြီး ဦးသုခက ပြာသိုလပြည့် 'အမေနေ့'ဟောပြောပွဲကျင်းပတာကို အားကျအတုယူပြီး နိုင်ငံတော်ဘွဲ့တံဆိပ်တော်ကိုးဘွဲ့ရအရှင်အာစာရာလင်္ကာရ(စစ်ကိုင်းရွှေဟင်္သာ)ဦးဆောင်ကာ စစ်ကိုင်းရွှေဟင်္သာတိုက်သစ်ကျောင်းမှာ ၁၃၆၀ ပြည့်နှစ် ပြာသိုလပြည့်နေ့မှစတင် ကျင်းပလာခဲ့သည်။ ထိုသို့ ပြာသိုလပြည့်နေ့ 'အမေနေ့' အခမ်းအနားပွဲများ ကျင်းပလာခဲ့သည်မှာ ငွေရတု 'အမေနေ့' (၂၅) ကြိမ်မြောက်ရှိခဲ့ပါပြီ။

နိုင်ငံတော်ဘွဲ့တံဆိပ်တော်ကိုးဘွဲ့ရအရှင်အာစာရာလင်္ကာရ (စစ်ကိုင်း၊ ရွှေဟင်္သာ) စိုက်ပျိုးခဲ့သော စစ်ကိုင်းပြာသိုလပြည့် အမေနေ့ကို ဆက်လက်ပြီး ရှင်သန်ကြီးထွားအောင်ဖူးပွင့်ဝေဆာမွှေးပျံ့အောင် ရေလောင်းပေါင်းသင်ခဲ့ကြသူများမှာ ဆရာမျိုးသူရ (စစ်ကိုင်း)၊ မြကျွန်းသာမိသားစုနှင့် စစ်ကိုင်းစာပေရောင်းရင်းများဆက်လက်ပြီး ဆရာရွှေမင်းသား(စစ်ကိုင်း)မိသားစုနှင့် စစ်ကိုင်းစာပေရောင်းရင်းများဖြစ်ကြပါသည်။ စစ်ကိုင်း ပြာသိုလပြည့် အမေနေ့အခမ်းအနားပွဲများ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ ချစ်ချစ်ခင်ခင် မိသားစုစိတ်ဓာတ်များနှင့် စုပေါင်းလုပ်ဆောင်ခဲ့ကြသဖြင့် ငွေရတု (၂၅)နှစ်မြောက် အောင်အောင်မြင်မြင်ကျင်းပနိုင်ခဲ့ကြပါသည်။ မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှာ ပြာသိုလပြည့် အမေနေ့ပွဲများ ခမ်းခမ်းနားနား စည်စည်ကားကား ကျင်းပခဲ့ကြပါသည်။ သို့သော် အခြေအနေအကြောင်းကြောင်းတွေကြောင့် ရေရှည်တည်တံ့ခိုင်မြဲအောင် မကျင်းပနိုင်ခဲ့ကြပါ။ စစ်ကိုင်းစာပေရောင်းရင်းများရဲ့ ပြာသိုလပြည့် အမေနေ့သည်သာ နှစ်စဉ်နှစ်တိုင်း အစဉ်အလာမပျက် ထူးထူးခြားခြား ငွေရတုအမေနေ့ (၂၅)ကြိမ်မြောက်အထိ ကျင်းပနိုင်ခဲ့ပါသည်။ စစ်ကိုင်း အမေနေ့ကို သမိုင်းမှတ်တမ်းတင်ကာ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူမိပါသည်။

ပြာသိုလတွင် နေ့ထူးနေ့မြတ်ဖြစ်သော မြန်မာ့သမိုင်းဝင်လွတ်လပ်ရေးနေ့သည်လည်း အပါအဝင်ဖြစ်ပါသည်။မြန်မာ့သမိုင်းကို ပြန်လည်စေ့ငုကြည့်မိတိုင်း မိမိတို့နိုင်ငံ၏ 'လွတ်လပ်ရေးနေ့' သမိုင်းကို ပြန်လည်ဆင်ခြင်သုံးသပ်မိပါသည်။

တိုင်းတစ်ပါးတို့၏ စိုးမိုးအုပ်ချုပ်မှုအောက်မှ ကင်းလွတ်ပြီး ကိုယ်ပိုင်အချုပ်အခြာအာဏာကိုယ့်အစိုးရဖြင့် လွတ်လပ်စွာရှင်သန်ရပ်တည်ခဲ့သည်မှာ နှစ်ပေါင်း (၇၇)နှစ်မြောက်ရှိခဲ့ပါပြီ။

ထိုသို့ လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ်ရပ်တည်နိုင်ရန် မည်သို့အသက်ကို စွန့်လွှတ်၊ စွန့်စားပေးဆပ်ကာကြိုးပမ်းဆောင်ရွက်ခဲ့သည်များကို ယနေ့ခေတ် လူငယ်လေးများထဲထဲဝင်ဝင်သိရှိကြရန် လိုအပ်ပါသည်။ သမိုင်းကပေးသော သင်ခန်းစာကိုဆင်ခြင်ရယူ၍ ရရှိပြီးသား လွတ်လပ်ရေးကို ပြန်လည်မဆုံးရှုံးရအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရပါမည်။

နှစ်စဉ်နှစ်တိုင်း လွတ်လပ်ရေးနေ့မှာ မြို့နယ်တိုင်း၊ရပ်ရွာတိုင်း၊ ပြည်သူလူထုတစ်ရပ်လုံးပါဝင်သော ပြေးခုန်ပစ်အားကစားပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပကြပါသည်။ ဘောလုံးပြိုင်ပွဲများ၊ ဘော်လီဘောပြိုင်ပွဲများ၊ကြက်တောင်ရိုက်ပြိုင်ပွဲများ၊မိုင်တို(တာတို) ပြေးပွဲ၊ မိုင်ရှည်(တာဝေး)ပြေးပွဲ၊ အပ်ထိုးပြေးပွဲ၊ အာလူးကောက်ပြေးပွဲ၊ ဖားခုန်ပြေးပွဲ၊ အမြင့်ခုန်ပြိုင်ပွဲ၊ အလျားခုန်ပြိုင်ပွဲများအစရှိသည့် တိုက်နယ်အတွင်းမှာရှိသော လူငယ်လူကြီးများ အင်တိုက်အားတိုက် ပါဝင်ဆင်နွှဲကြပါသည်။ ထိုပြိုင်ပွဲများတွင် လူအစည်ကားဆုံး၊ အားပေးမှုအများဆုံး၊ စိတ်အဝင်စားဆုံးက ဘောလုံးပြိုင်ပွဲဖြစ်ပါသည်။ ဟိုတစ်ချိန်က ဘောလုံးပြိုင်ပွဲမှာ ကိုယ့်ရပ်ကွက်အတွင်းမှ လူများသာ ကန်ခွင့်ရှိသည်။ ကိုယ့်ရပ်ကွက်နှင့်ကိုယ် အပြိုင်အဆိုင် အနိုင်မခံအရှုံး မပေးကန်ကြသောကြောင့် အားပေးကြသော ရပ်ကွက်သူ၊ ရပ်ကွက်သားများ များပြားလှပါသည်။

ထိုသို့ တိုက်နယ်ဘောလုံးပြိုင်ပွဲပြီးလျှင် အကောင်းဆုံးဘောလုံးသမားများကို ရွေးချယ်ပြီး မြို့နယ်ပြည်သူ့အားကစားကွင်းမှာ မြို့နယ်အတွင်းမှာရှိသော တိုက်နယ်ပေါင်းစုံ ဆက်လက်ယှဉ်ပြိုင်ကြရပါသည်။ ထိုမှတစ်ဆင့် မြို့နယ်ဘောလုံးပြိုင်ပွဲမှ အကောင်းဆုံး ဘောလုံးသမားများကို ရွေးချယ်ကာ တိုင်းနဲ့ပြည်နယ် (ယခု ပြည်နယ်နဲ့တိုင်း)၊ ဘောလုံးပြိုင်ပွဲကို ယှဉ်ပြိုင်ကစားကြရပါသည်။ ထိုသို့ အဆင့်ဆင့် ယှဉ်ပြိုင်ခဲ့ကြသောကြောင့် ထူးချွန်ထက်မြက်သော မြန်မာ့လက်ရွေးစင်ဘောလုံးသမားကောင်းများစွာ ပေါ်ထွန်းခဲ့ပါသည်။ ဟိုတစ်ချိန်က ထူးချွန်ထက်မြက်သော မြန်မာ့ဂုဏ်ဆောင် မြန်မာ့အားကစားသမားများ၏ အောင်မြင်မှုများကြောင့် မြန်မာ့အားကစား အရှေ့တောင်အာရှတွင်သာမက အာရှမှာ လွှမ်းခဲ့ပါသည်။

ထို့ကြောင့် မြန်မာ့ရာသီဆယ့်နှစ်လတွင် ပြာသိုလသည် တစ်ပါးသော လများထက် သာလွန်ချမ်းအေးသောလ၊ အမျိုးဘာသာသာသနာ သာလွန်ထူးမြတ်သောလ၊ မေတ္တာတရား သာလွန်ထူးခြားသောလဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# နိုင်ငံတကာ ရုပ်ရှင် ဂီတသတင်းများ

## Vidyut Jammwal ၏ Commando 3 အက်ရှင်ဇာတ်ကားစစ်စစ်ဖြစ်

သဘာဝအက်ရှင်သရုပ်ဆောင်ဖြစ်သည့် ဗီဒီရပ်ဂျမ်ဝါ ပါဝင်ထားသည့် Commando 3 မှာ အိုဗာမပါဘဲ အက်ရှင်ဇာတ်ကား




စစ်စစ်ဖြစ်၍ ပရိသတ်အားပေးထားကြကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ စစ်မှန်သော အက်ရှင်ကား အပိုင်းတစ်နှင့် နှစ်တွင် ဗီဒီရပ်ဂျမ်ဝါကို ကြိုက်နှစ်သက်ကြသည့် ပရိသတ်များက အပိုင်းသုံးတွင် ယခင်နှစ်ကားထက် ပိုသော အက်ရှင်များကို သဘောကျ၍ အားပေးမှုနှုန်းမြင့်မားစွာ ရရှိထားသည်။

အိန္ဒိယနှင့်လန်ဒန်မြို့နောက်ခံအခြေပြုရိုက်ကူးထားပြီး လူငယ်သုံးဦးကို သွေးဆောင်ခဲ့သည့် နောက်ကွယ်မှ ကြိုးကိုင်သူကို ဖမ်းဆီးရန်နှင့်လုပ်ငန်းစဉ်များကို ကာကွယ်ရန်အတွက် ဗီဒီရပ်ဂျမ်ဝါ ကိုယ်တိုင် လန်ဒန်သို့ သွားရောက်၍ လှုပ်ရှားခဲ့ပုံများကို စစ်မှန်သော အက်ရှင်ဇာတ်ကားအဖြစ် အပိုင်းသုံးအနေနှင့် ရိုက်ကူးထားသည်။

(SKY)



## အီလက်ထရွန်ကို ခွဲထုတ်သောနည်းလမ်းသစ်ဖြင့် ကွမ်တမ်ကွန်ပျူတာများကို အဆင့်မြှင့်တင်မည်

အမေရိကန်ပြည်ထောင်စု ဒန်ဘတ်မြို့အခြေစိုက် အင်ဒီယာနာနည်းပညာတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာ ဆူဒက်ရှနားဆင်း ဒဗ္ဗလင်တကက္ကသိုလ် ရူပဗေဒကောလိပ်မှ ပါမောက္ခ အန်ဒရူးမစ်ချဲလ် ဦးဆောင်သော သုတေသီများ၏ ကြိုးပမ်းမှုကြောင့် အီလက်ထရွန် ခွဲထုတ်သောနည်းလမ်းသစ်တစ်မျိုးကို မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

ယင်းပါမောက္ခနှစ်ဦးသည် ရူပဗေဒသီအိုရီပညာရှင်များဖြစ်သည့် အားလျော်စွာ ထိုနည်းလမ်းသစ်ကို သီအိုရီအပေါ်အခြေခံ၍ တွက်ချက်ဖော်ထုတ်နိုင်ခဲ့ခြင်း ဖြစ်သည်။

ဝါယာကြိုးတစ်လျှောက် လျှပ်စစ်စီးသွားသောအခါ အီလက်ထရွန် များစွာစီးမျောလိုက်ပါသွားကြရာ ဝါယာကြိုးကို ပိုမိုသေးမျှင်အောင် ဖန်တီးပြုလုပ်လျှင် အီလက်ထရွန်များကို ပိုမိုသတိပြုမိလာနိုင်မည်ဖြစ်ကြောင်း ဒေါက်တာဆင်းက ရှင်းပြသည်။

အနာဂတ်တွင် ထိုအီလက်ထရွန်ကို ခွဲထုတ်သောနည်းလမ်းသစ်ဖြင့် ကွမ်တမ်ကွန်ပျူတာများကို အဆင့်မြှင့်တင်မည်ဖြစ်ကြောင်း သိရသည်။

(SCI)

## G Dragon တစ်လအတွင်း အနုပညာရှင်များစာရင်းတွင် ထိပ်ဆုံးနေရာ ရရှိထား

ကိုရီးယားအနုပညာသုတေသနနှင့်အမျိုးသားယဉ်ကျေးမှုဌာနမှ ထုတ်ပြန်ထားသော စာရင်းအရ တစ်လအတွင်း အမျိုးသားအနုပညာရှင်များစာရင်းတွင် ဂျီဒရယ်ဂွန်(ခေါ်)ကွမ်ဂျီယောင်းက ထိပ်ဆုံးနေရာရရှိထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ စာရင်းအရ ထိပ်ဆုံးဆယ်ဦးစာရင်းတွင် ဂျီဒရယ်ဂွန်၊ အက်စထရိမှ ချာအန်ဝူး၊ ဘီတီအက်စ်မှ ဂျင်၊ ရီဇီးမှ ဝမ်ဘင်း၊ ဘီတီအက်စ်မှ ဂျီမင်၊ ကန်ဒင်နရယ်၊ ဂျောင်ကု၊ ဒေဆောင်း တေယွန်နှင့် ဗွီတို့ စာရင်းဝင်ခဲ့ကြသည်။

နံပါတ် ၂၁ မှ ၃၀ စာရင်းတွင် ရှိုင်းနီးမှ ကေး၊ စူပါဂျူနီယာမှ ဟီချူး၊ အိပ်ဖိုမှ ဘိတ်ဟွမ်၊ ပတ်ဂျီဟွန်း၊ ဂျေဟုတ်၊ ချန်မင်၊ ကင်ဂျေဟွာ၊ မင်ယူ၊ ဆောင်ချန်၊ ဂျောင်ဟာန်၊ ဆန်းဝူ၊ ဟိုရှီ၊ ဟွမ်မင်ဟွမ်၊ ဆူဂါနှင့် ဟွမ်ဂျေးတို့ အသီးသီးစာရင်းဝင်ခဲ့ကြပြီး ၂၀၂၄ ခုနှစ်ကို နှုတ်ဆက်ထားကြသည်။

(SKY)

0-0-0-0-0-0






## Run Way 3.4 ရုပ်ရှင်ကား ဖြစ်ရပ်မှန်ကို အခြေခံထား

အိန္ဒိယနိုင်ငံ ဖြစ်ရပ်မှန်ကို အခြေခံရိုက်ကူးထားသည့် Run Way 3.4 ရုပ်ရှင်တွင် မင်းသားကြီး အမိတာဘဂျမ်းနှင့် အဂျေးဒေဝမ်တို့ ပါဝင်သရုပ်ဆောင်ထားကြသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်တွင် ရာသီဥတုဆိုးရွား၍ လေယာဉ်ပျံသန်းစဉ် မတော်တဆဖြစ်ခဲ့ရာမှ မသင်္ကာစရာကိစ္စများ ပါဝင်နေ၍ စုံစမ်းစစ်ဆေးရေးအဖွဲ့ခေါင်းဆောင် ကိုယ်တိုင် ကွင်းဆင်းရာမှ ဝေဟင်ပေါ်မှ ထိတ်လန့်ဖွယ်ဖြစ်ရပ်များနှင့် ကြုံတွေ့ရပုံအကြောင်း ရိုက်ကူး တင်ဆက်ထားသည်။

ဝါရင့်မင်းသားကြီး အမိတာဘဂျမ်းနှင့် အဂျေးဒေဝမ်တို့၏ ပီပြင်၍ သရုပ်ဆောင်ပိုင်နိုင်မှုကြောင့် ပရိသတ်စိတ်ဝင်စားဖွယ်ဖြစ်ခဲ့ကာ အားပေးမှုနှုန်းမြင့်မားစွာ ရရှိထားသည်။

(SKY)

0-0-0-0-0-0



## မင်းသမီး Lim Jiyeon ၏ My Dearest ရာဇဝင်ဇာတ်ကား အားပေးမှုရရှိထား

ရာဇဝင်နောက်ခံဇာတ်လမ်းတွဲ My Dearest တွင် မင်းသမီး လင်ဂျီယွန် အဓိကပါဝင်ထားပြီး ပရိသတ်အားပေးမှုမြင့်မားစွာရရှိထားသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် ကျွန်တစ်ဦးဘဝမှ တရားရေးရှေ့နေတစ်ဦးဖြစ်လာသည့် အမျိုးသမီးအကြောင်း ဇာတ်ပျိုးထားကာ အပြန်အလှန် လှည့်ဖိုက်နေကာ မရပ်မနားဇာတ်အိမ်ရော၊ ဇာတ်ကောင်ကိုပါ ရှေ့ကိုဆွဲခေါ်သွားသည့် ဇာတ်ဖြစ်သည်။

နှစ်ကိုယ်ခွဲထားသည့်အတွက် စိတ်ဝင်စားဖွယ် ရိုက်ကူးထားသည့် သမိုင်းနောက်ခံရသနှင့် လင်ဂျီယွန်ကို ချိုယောင်ဝူးနှင့်တွဲထားကာ အပိုင်းခြောက်တွင် ကိုးရာခိုင်နှုန်းကျော်အထိ အားပေးမှု မြင့်မားခဲ့သည်။

(SKY)

0-0-0-0-0-0

## Kim Jaehwa တို့ ညီအစ်မ SBS Drama Awards 2024 ဆု ပူးတွဲရရှိကြ

အက်စ်ဘီအက်စ်ဒရမ်မာ ဆုပေးပွဲ ၂၀၂၄ ခုနှစ်တွင် သမိုင်းတွင်မည့် ထူးခြားဖြစ်စဉ်လေးမှာ အပြင်ဘဝ၌ ညီအစ်မနှစ်ဦးဖြစ်သူ ကင်ဂျေဟွာနှင့်ကင်ဟေဟွာတို့က ဇာတ်ပို့ဆု ပူးတွဲရရှိခဲ့ခြင်းဖြစ်ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ The Judge from Hell ဆုပေးပွဲတွင် ဇာတ်ကားအတွက် ဇာတ်ပို့ဆုကို ကင်ဂျေဟွာနှင့် ကင်ဟေဟွာတို့ နှစ်ဦးက ပူးတွဲရရှိခဲ့ပြီး လက်တွေ့ဘဝတွင် ညီအစ်မနှစ်ဦးဖြစ်နေသည်။

ဒရမ်မာတစ်ခုတည်းတွင် ညီအစ်မနှစ်ဦးက ဆုအမျိုးအစားတစ်ခုတည်းကို ပူးတွဲရရှိခြင်းမှာ ထူးခြားဖြစ်စဉ်တစ်ခုအဖြစ် မှတ်တမ်းတင်ထားခြင်းဖြစ်ကာ ကင်ဂျေဟွာနှင့်ကင်ဟေဟွာတို့ ဇာတ်ရုပ်နှစ်ခုမှာ အကောင်းဆုံး ဇာတ်ပို့ဆုရရှိခဲ့သည်ထိ စွမ်းရည်ပြည့်ခဲ့သည်။

(SKY)





## Kenny Ho က ပေါင်ချိန် သီချင်းကို ကန်တုံလို သီဆိုထား

ပေါင်ချိန်ဇာတ်ကား ဇာတ်ဝင်သီချင်းကို အဆိုတော် ဟွမ်အန်းက Mandarin ဘာသာနှင့်မူရင်း သီဆိုထားပြီး ဟောင်ကောင်သားကျွန်ကျောင်းမင်းသား ကယ်ရီဟိုက ကန်တုံဘာသာနှင့် သီဆိုထားကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

မကြာမီက ထွက်ရှိလာသည့် ဗီဒီယိုတွင် ကယ်ရီဟိုက မက်ဒရင်းဘာသာရော၊ ကန်တုံပါ ဘာသာစကားနှစ်မျိုးနှင့်သီဆိုထားသည်ကို တွေ့ရပြီး ဗားရှင်းနှစ်ခုစလုံး လူကြိုက်များခဲ့သည်။

လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်က သီချင်းဖြစ်သော်လည်း ယနေ့အထိ ကာဗာပြန်ဆိုထားကြရာ ကယ်ရီဟိုရော၊ ဟွမ်အန်းပါ အသက်ကြီးနေပြီဖြစ်သော်လည်း ငယ်ဘဝအမှတ်တရအဖြစ် ပြန်လည်မြင်တွေ့ကြရသည်။ (SKY)

# ကယားပြည်နယ် လွိုင်ကော်မြို့၌ အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ပျက်စီးသွားသောနေအိမ် ၂၅၁ လုံး ပြန်လည်ပြုပြင်ရန်နှင့် သဘာဝဘေးကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား ချီးမြှင့်ငွေ၊ ဆန်၊ ဆီ၊ ပဲ၊ ဆား ပေးအပ်

လွိုင်ကော် ဇန်နဝါရီ ၁၆

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ယမန်နေ့ မွန်းလွဲပိုင်းက လွိုင်ကော်မြို့ မြို့လယ်ဓမ္မာရုံ၌ ကျင်းပသည့် နယ်စပ်ရေးရာ ဝန်ကြီးဌာနက အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ပျက်စီးသွားသော နေအိမ်များနှင့် သဘာဝဘေးကြောင့် ယာယီနေရပ်စွန့်ခွာ ပြည်သူများအား ငွေသား၊ ဆန်၊ ဆီ၊ ပဲ၊ ဆား ပေးအပ်ခြင်းနှင့် ကယားပြည်နယ်အစိုးရအဖွဲ့က ယာယီနေရပ်စွန့်ခွာရာမှ ပြန်လည်ဝင်ရောက်လာသည့် ပြည်သူများအား ဆန်၊ ဆီ၊ ပဲ၊ ဆား ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။

## ရှင်းလင်းပြောကြား

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နယ်စပ်ရေးရာဝန်ကြီးဌာနမှ အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ပျက်စီးသွားသော နေအိမ်များအတွက် ချီးမြှင့်ငွေပေးအပ်ခြင်းနှင့် သဘာဝဘေးကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား ငွေသား၊ ဆန်၊ ဆီ၊ ပဲ၊ ဆား ပေးအပ်ရခြင်းကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ကယားပြည်နယ်အစိုးရအဖွဲ့မှ ယာယီနေရပ်စွန့်ခွာရာမှ လွိုင်ကော်မြို့သို့ ပြန်လည်ရောက်ရှိလာသည့် ပြည်သူများအား ဆန်၊ ဆီ၊ ပဲ၊ ဆား ပေးအပ်ရခြင်းကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့် နေအိမ် ၂၅၁ လုံး ပြန်လည်ပြုပြင်ရန်အတွက် ငွေကျပ် ၂၁၁ သန်းနှင့် သဘာဝဘေးကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူ ၁၆၆၁ ဦးနှင့် ယာယီနေရပ်စွန့်ခွာရာမှ လွိုင်ကော်မြို့သို့ ပြန်လည် ဝင်ရောက်လာသည့် ပြည်သူ ၃၃၄ ဦးအတွက် ဆန်၊ ဆီ၊ ပဲ၊ ဆားများကို ပေးအပ်ပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားသည်။

ယင်းနောက် တိုက်ပွဲဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လွိုင်ကော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အဆောက်အအုံ ပြန်လည်ပြင်ဆင်ထားရှိမှု၊ လူထုအခြေပြုဗဟိုဌာန (Community Centre) အခန်းနှင့် သင်တန်းခန်းမ ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို လည်းကောင်း၊ လွိုင်ကော်မြို့ နောင်ယား(က) ရပ်ကွက်ရှိ စုပေါင်းဝန်ထမ်းအိမ်ရာ ပြန်လည်ပြုပြင် ဆောင်ရွက်ပေးထားသည့် အခြေအနေနှင့်ဝန်ထမ်းများ နေရာချထားပေးမှုများကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကာ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ညနေပိုင်းတွင် ကယားပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဧည့်သည်တော်များအား ဂါရဝပြုအထိမ်းအမှတ် ရိုးရာလက်ဆောင်များ ပေးအပ်သည်။

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့်နေအိမ်များ ပြန်လည်ပြုပြင်ရန် ချီးမြှင့်ငွေပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့ဝင်များ လွိုင်ကော်မြို့ နောင်ယား(က)ရပ်ကွက်စုပေါင်းဝန်ထမ်းအိမ်ရာရှိ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားစဉ်။




# မာလ်ဒီနီ၏ စီးရီးအေဂိုးသွင်းစံချိန်အား သီယိုဟာနန်ဒက်ဇ် ကျော်ဖြတ်နိုင်ခဲ့

မီလန် ဇန်နဝါရီ ၁၆

အေစီမီလန်အသင်း နောက်ခံကစားသမား သီယိုဟာနန်ဒက်ဇ် စီးရီးအေ(သွင်းဂိုး ၃၀) သည် အသင်းဂန္ထဝင် နောက်ခံကစားသမားဟောင်း မာလ်ဒီနီ(သွင်းဂိုး ၂၉ ဂိုး)၏ စီးရီးအေဂိုးသွင်းစံချိန်အား ကျော်ဖြတ်နိုင်ခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် စီးရီးအေပွဲစဉ်အဖြစ် အေစီမီလန်အသင်းက ကိုမိုအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန် သွင်းဂိုးတစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

(ဓါတ်ပုံ)

နောက်ခံကစားသမား သီယိုဟာနန်ဒက်ဇ်သည် အေစီမီလန်အသင်းအတွက် စီးရီးအေတွင် ဂိုးအများဆုံးသွင်းယူနိုင်သည့် နောက်ခံကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ နောက်ခံကစားသမား သီယိုဟာနန်ဒက်ဇ်သည် အေစီမီလန်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၃၆ ပွဲကစားပြီး ၃၃ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၂၇)နှစ်အရွယ်ရှိ သီယိုဟာနန်ဒက်ဇ်က "ကျွန်တော် အခုလို အသင်းဂန္ထဝင် နောက်ခံကစားသမားဟောင်း မာလ်ဒီနီ၏ ဂိုးသွင်းစံချိန်အား ကျော်ဖြတ်နိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းကောင်းတွေ ဆက်လက် ရယူနိုင်ဖို့ ကြိုးစားသွားမှာပါ။ ပြီးတော့ ယခုနှစ် ဘောလုံးရာသီမှာ အေစီမီလန်အသင်းနှင့်အတူ အောင်မြင်မှုတွေလည်း ရယူသွားချင်ပါတယ်"ဟု ပြောသည်။

(NGB)

၀-၀-၀-၀-၀

၀-၀-၀